# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ တနင်္လာနေ့ အတွဲ (၆၃)၊ အမှတ်(၁၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ

## "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲနှင့် ရှမ်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**○ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းဖြစ်သော "သားချင်းများ ဆုံတွေ့သောအခါ" တေးသီချင်းကို ငြိမ့်ညောင်းသာယာ နားဝင်ပီယံရှိစေမည့်အပြင် နားဆင်သူများအဖို့ စိတ်အားထက်သန်စေမည့် အသံနေ အသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ သီဆိုယှဉ်ပြိုင်**

နေပြည်တော် အောက်တိုဘာ ၂၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပသည့် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။**

အဆိုပါပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲဝင်များက ထင်ရှားကျော်ကြားလှသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းဖြစ်သော "သားချင်းများ ဆုံတွေ့သောအခါ" တေးသီချင်းကို ငြိမ့်ညောင်းသာယာ နားဝင်ပီယံရှိစေမည့်အပြင် နားဆင်သူများအဖို့ စိတ်အားထက်သန်စေမည့် အသံနေ အသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ သီဆိုယှဉ်ပြိုင်ကြသည်။

ထိုသို့ ယှဉ်ပြိုင်နေမှုများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့်အတူ ကောင်စီအတွင်းရေးမှူး၏ ဇနီး၊ ကောင်စီတွဲဖက် အတွင်းရေးမှူး၏ ဇနီး၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့** *ဖတ် စ ရာ*

**(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ**

**မဟော်သဓာ ဇာတ်တော်ကြီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့ယှဉ်ပြိုင်**

ပြည်တွင်းသတင်း စာ ၉

**အခွန်အယူခံခုံအဖွဲ့၏ သုံးနှစ်တာခရီးစဉ် ပုံရိပ်လွှာများ**

ဆောင်းပါး စာ ၁၆

**ဓာတ်ပုံရိုက်ခြင်း၊ ရှုခင်းကြည့်ခြင်းတွေ ပြုလုပ်နိုင်မယ့် ကလောမြို့ မနောလှတောင်ခြေက ပန်းပျိုးဥယျာဉ်**

ရွှေနိုင်ငံမြင်ကွင်းကျယ် စာ ၁၈



# သံဃာ့အဖွဲ့အစည်း၏ ပဝါရဏာ

သီတင်းကျွတ်လသည် ရဟန်း၊ သာမဏေတို့ ဝါတွင်းသုံးလပတ်လုံး အရပ်တစ်ပါးသို့ မသွားဘဲ သီတင်းသုံးနေထိုင်ကြရာမှ ကျွတ်လွတ်သွားလာခွင့်ရသော လဖြစ်သည်။ “မီးမြင်းမိုရ်နှင့်၊ ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊ ဘုံထွတ်ကယ်ဥကင်၊ ဖွင့်စံပယ်ရှင်သောခါ၊ တိုင်းခွင်ကြီးအောင်ချာမှာ၊ ဆီမီးဝါ ထိန်ထိန်ဝင်းလို့၊ လင်းလှတယ်လေး”ဟူ၍ မဟာအတုလမင်းကြီးက ဖွဲ့ဆိုခဲ့သည်နှင့်အညီ လူတို့နေထိုင်ရာ ရပ်ရွာတို့တွင်မူ မီးမြင်းမိုရ်ပွဲ သို့မဟုတ် မီးထွန်းပွဲကျင်းပကာ မြတ်စွာဘုရားကို ပူဇော်သည့်လ ဖြစ်သည်။

ရဟန်းတော်တို့အဖို့ သီတင်းကျွတ်သည်မှာ ပဝါရဏာပြုပြီးမှ ကျွတ်ကြရသည်။ ပဝါရဏာဟူသော ပါဠိစကား၏ အနက်အဓိပ္ပာယ်မှာ “ဖိတ်ကြားခြင်း”ဟူ၍ ဖြစ်ပြီး ပဝါရဏာပွဲ ဖြစ်ပေါ်လာရခြင်း၏ နောက်ခံသမိုင်းအကြောင်းအရာမှာလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလတိုင်း ဇနပုဒ်၌ ဝါဆိုကြသော ရဟန်းတို့သည် အတူတကွ သီတင်းသုံးနေကြစဉ်အတွင်း အငြင်းအခုံမရှိ ညီညွတ်ချမ်းသာစွာ နေနိုင်ကြစေရန် ရည်ရွယ်၍ အချင်းချင်းစကားမပြောဘဲ ဝါတွင်းကာလကို ဖြတ်သန်းကြသည်။ သုံးလလွန်မြောက်၍ ဝါမှထကုန်ကြပြီးသောအခါ မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ သွားရောက်ကြသည်။

မြတ်စွာဘုရားက “ရဟန်းတို့ ကျန်းမာကြ၏လော၊ မျှတကြ၏လော၊ အညီအညွတ်ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြကုန်၏လော၊ ဆွမ်းအတွက် မပင်ပန်းဘဲရှိကြကုန်၏လော။” ဟု မေးတော်မူသောအခါ ကျန်းမာကြောင်း၊ မျှတကြောင်း စသည်ဖြင့် ရဟန်းတို့က ပြန်လည်လျှောက်ကြားကြသည်။ မြတ်စွာဘုရားက “ရဟန်းတို့၊ အဘယ်သို့လျှင် အညီအညွတ်ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိဘဲ ချမ်းသာစွာ ဝါတွင်းသုံးလပတ် နေကုန်ကြသနည်း” ဟု ထပ်ဆင့်မေးခွန်းထုတ်သောအခါ ရဟန်းတို့က အချင်းချင်းစကားမပြောမဆိုဘဲ အညီအညွတ်ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိနေခဲ့ကြခြင်းဖြစ်ကြောင်း ပြန်လည်လျှောက်ကြားကြသည်။

အချင်းချင်းအတူတကွ နေထိုင်ကြပါလျက် စကားမပြောဘဲ ညီညွတ်စွာနေခဲ့ကြပါသည်ဆိုခြင်းကို မြတ်စွာဘုရားသည် ပြင်းထန်စွာပြစ်တင်ရှုတ်ချလျက် စကားမဆိုသောအကျင့်ကို မဆောက်တည်အပ်၊ ဆောက်တည်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု သိက္ခာပုဒ်ပညတ်တော်မူသည်။ ဆက်လက်၍ “ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ သုံးပါးသောအကြောင်းတို့ဖြင့် ဖိတ်ကြားခြင်း(ပဝါရဏာပြုခြင်း)ငှာ ခွင့်ပြု၏။ ဤသို့ ဖိတ်ကြားခြင်းသည် သင်တို့အတွက် အချင်းချင်းလိုက်လျောခြင်း၊ အာပတ်မှထမြောက်စေခြင်း၊ ဝိနည်းကို ရှေးရှုခြင်းဖြစ်လတ္တံ့”ဟု ပဝါရဏာကို ခွင့်ပြုတော်မူသည်။

ဤသည်မှအစပြု၍ ရဟန်းတော်တို့သည် သီတင်းကျွတ်လပြည့်သည့်အခါ အညီအညွတ်စည်းဝေးကြ၍ ထေရ်စဉ်အလိုက် “သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒတုမံ သံဃော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။” – သံဃာတော်အရှင်မြတ်တို့အား တပည့်တော်ဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အရှင်တို့သည် တပည့်တော်အား အစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောပါကုန်လော့။ မြင်သည်ရှိသော် ကုစားပါအံ့” ဟု ပဝါရဏာပြုကြသည်။ ရဟန်းနှင့် မလျော်ညီသည့်အပြစ်ကို မြင်ခြင်း၊ ကြားခြင်း၊ သံသယဖြစ်ခြင်းတို့ ရှိပါက ထုတ်ဖော်ပြောဆိုဆုံးမပါရန်နှင့် မိမိ၏အပြစ်ကို မိမိမြင်သည့်အခါတွင် အပြစ်အားလျော်စွာ ကုစားမည်ဖြစ်ကြောင်း ဖိတ်ခေါ်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော်က ဗုဒ္ဓမြတ်စွာဘုရားရှင် သံဃာ့အဖွဲ့အစည်းအတွင်း ချမှတ်ပေးခဲ့သော ပဝါရဏာလမ်းစဉ်သည် မျက်မှောက်ခေတ်လူ့အဖွဲ့အစည်းအတွက် ခေတ်ရှေ့ပြေးနေဆဲဖြစ်သည်။ အဖွဲ့အစည်းရှေ့မှောက်၌ မိမိအား ဝေဖန်သုံးသပ်ရန်၊ အကြံဉာဏ်ပေးရန်နှင့် ပြင်ဆင်ရန်လိုအပ်သည့်အခါ မိမိကိုယ်ကိုယ်ပြင်ဆင်မည်ဖြစ်ကြောင်း အနူးအညွတ်ဖိတ်ခေါ်နိုင်ရန်မှာ လွန်စွာလွတ်လပ်သော၊ ပွင့်လင်းသော၊ ဉာဏ်ပညာမြင့်မားသော အဖွဲ့အစည်းများဖြစ်ရန် လိုအပ်မည်ဖြစ်ပြီး အဖွဲ့အစည်းခိုင်မာအားကောင်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် ဝေဖန်ရေးကို အားလုံးက ရိုးသားစွာဖိတ်ခေါ်ခြင်းသည် ဗုဒ္ဓဘာသာ သံဃာ့အဖွဲ့အစည်း၏ ထူးခြားမွန်မြတ်သည့် ဝိသေသလက္ခဏာ တစ်ရပ်ဖြစ်ပါကြောင်း။ ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၁၀)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် (၁၀)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် (10th Beijing Xiangshan Fourm) သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် တပ်မတော် အရာရှိကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦး ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ရခိုင်ပြည်နယ် မောင်တောမြို့ရှိ မြို့ဦးရွှေစည်းခုံစေတီတော်ကြီးတွင် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲကျင်းပရာ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**မောင်တော အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ယနေ့ ညနေ ၆ နာရီက မြို့ဦးရွှေစည်းခုံစေတီတော်ကြီးတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲကျင်းပရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



အဆိုပါ မြို့ဦးရွှေစည်းခုံစေတီတော်ကြီးတွင် သီတင်းကျွတ်ကာလအတွင်း ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ယနေ့မှစတင်ကာ ဌာနဆိုင်ရာများ၊ အနီးအနားရှိ ရပ်ကွက်များမှ ဘုရားဖူး ပြည်သူများက ဆီမီး တစ်ထောင် ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံ လွှတ်တင်ခြင်း၊ ဘုရားရေချမ်းအိုး ကပ်လှူပူဇော်ခြင်း၊ သစ်သီးဆွမ်းကပ်လှူခြင်း စသည်ဖြင့် ဘုရားဖူးပြည်သူများဖြင့် စည်းကားလျက်ရှိပြီး စေတနာရှင် အလှူရှင်များက စတုဒိသာများ ကျွေးမွေးများကို ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် မြို့ပေါ်ရပ်ကွက်များတွင်လည်း အလှမီးများထွန်းခြင်း၊ ဘုရားစေတီအနီးတွင် ပွဲဈေးတန်းများဖြင့် စည်းကားလျက်ရှိပြီး သီတင်းကျွတ်လပြည့်နေ့တွင် မြို့မကျောင်းတိုက်မှ ဦးဆောင်ကာ ပြည်သူများ စုပေါင်း၍ ဆရာတော်၊ သံဃာတော် အပါး ၁၅၀ ခန့်အား မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး ၊ အောင်ကျော်စိန်**

**မနက်ဖြန်အတွက် ခန့်မှန်းချက်**

နေပြည်တော် အောက်တိုဘာ ၂၈ – မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**





**ကြည့်ရှုအားပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ "ရှမ်းတိုင်းရင်းသား ရိုးရာအက (အလွတ်တန်း)အဆင့်ပြိုင်ပွဲ" ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ "ရှမ်းတိုင်းရင်းသား ရိုးရာအက (အလွတ်တန်း)အဆင့်ပြိုင်ပွဲ" တွင် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

◆ *ရှေ့ဖုံးမှ*

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများနှင့် အကဲဖြတ်ဒိုင်အဖွဲ့များက ကြည့်ရှုအားပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့သည် "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲတွင် အဆင့်အလိုက် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် "ရှမ်းတိုင်းရင်းသား ရိုးရာအက (အလွတ်တန်း)အဆင့်ပြိုင်ပွဲ"သို့ တက်ရောက်ကြည့်ရှုအားပေးကာ ယှဉ်ပြိုင်မှုအပြီးတွင် အကအဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**တစ်ခဲနက်လာရောက်ကြည့်ရှု**

ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)ရှိ Banquet Hall ၌ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ Plenary Hall ၌ မြန်မာအကအခြေခံ ကဗျာလွတ်အကပြိုင်ပွဲနှင့် News Briefing Room ၌ ဂီတာအတီးပြိုင်ပွဲတို့ကို ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသ ပေါ်လွင်စွာ ဖော်ကျူး ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း တစ်ခဲနက်လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၃ ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တွေ့ဆုံပွဲအခမ်းအနားကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၃ ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တွေ့ဆုံပွဲအခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၃ ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ နည်းဥပဒေများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ရက်ပေါင်း ၆၀ အတွင်း ယခင်နိုင်ငံရေးပါတီ ၅၀ က မှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခဲ့ပြီး ပါတီအသစ် ၁၄ ပါတီလျှောက်ထားလာခဲ့ရာ စုစုပေါင်း ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားလာသည့် ပါတီ ၆၄ ပါတီအနက် ၃၇ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပြုပြီးဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းစည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အား အနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီ ဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင် ခွင့်ပြုချက်ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံး သတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကို ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အနည်းဆုံး စည်းရုံးရမည့် ပါတီဝင်ဦးရေ မပြည့်မီခြင်း၊ သတ်မှတ်ကာလအတွင်း ရုံးခန်းဖွင့်လှစ်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိမည်မဟုတ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးပါတီများ ထူထောင်မှုကို စနစ်တကျဖြစ်စေရန် ကော်မရှင်မှစိစစ်ရခြင်းမှာ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံ၍

*စာမျက်နှာ ၄ သို့*

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းအမှတ်စဉ် (၁၉) ဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားကျင်းပ





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈** ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းအမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းဆင်း ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

### လေ့ကျင့်သင်ကြားပေးလျက်ရှိ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)တွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က **"ဒီဂရီကောလိပ်များမှ ကျောင်းဆင်းကျောင်းသား ကျောင်းသူများအား မိမိဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် MSME လုပ်ငန်းများတွင် ဦးဆောင် ပါဝင်ဆောင်ရွက်စေရန်"**ဟု လမ်းညွှန်မှာကြားချက်အရ သင်တန်းဆင်း မောင်တို့ မယ်တို့ကို အဆိုပါ လမ်းညွှန်ချက်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနများတွင် တာဝန်ပေးခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား ၎င်းတို့၏ နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၄၆ ဦး၊ သိပ္ပံဘွဲ့ ၁၂၈၂ ဦး၊ အင်ဂျင်နီယာ ဒီပလိုမာ ၉၅၉ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၇၈၇ ဦး ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းဆင်း တိုင်းရင်းသားလူငယ်များမှာ ဝန်ကြီးဌာနအသီးသီးတွင် ကျရာကဏ္ဍမှ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြပါကြောင်း၊ တစ်ဖက်က နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်ဖြစ်သည့် **"အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရန်"** ဆိုသည့်အတိုင်း အဆင့်မြင့် ပညာရပ်များကို ဆက်လက်လေ့လာသင်ယူခဲ့ကြရာ ယနေ့အချိန်ထိ မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ Ph.D ဘွဲ့ ၁၅ ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ ဦး ရရှိပြီးဖြစ်သည့်အတွက် များစွာအားရ ကျေနပ်ဖွယ်ဖြစ်ရပါကြောင်းနှင့် ယနေ့ သင်တန်းဆင်းမောင်တို့ မယ်တို့အနေဖြင့်လည်း အားကျအတုယူကာ ဆက်လက်ကြိုးစားသွားကြမည်ဟု ယုံကြည်ပါကြောင်း။

### ကြိုးစားသွားကြရန်မှာကြား

အစဉ်ပြောင်းလဲနေသည့် ကမ္ဘာကြီးနှင့် ပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရန်အတွက် မဖြစ်မနေ တတ်မြောက်ရမည့် အင်္ဂလိပ်စာ၊ ICT နည်းပညာနှင့် Social Media တို့ကိုလည်း မိမိကိုယ်တိုင်၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံ ကောင်းကျိုးရရှိစေရေးအတွက် အသိ၊ သတိဖြင့် အထူးဂရုပြု လေ့လာကြရန်နှင့် စနစ်တကျ အကျိုးရှိရှိ သုံးစွဲသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မမေ့မလျော့ နှလုံးသွင်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းပြနိုင်မည့် ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ် မိမိကိုယ်ကို အမြဲနှလုံးသွင်းကာ နေထိုင်ကျင့်ကြံပြီး နိုင်ငံတော်က အားကိုးအားထားပြုရသည့် သားကောင်း၊ သမီးမွန်များ ဖြစ်လာအောင် ကြိုးစားသွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာတွဲ ထူးချွန်ဆုရ ကျောင်းသူတစ်ဦးနှင့် သိပ္ပံဘာသာတွဲ ထူးချွန်ဆုရ ကျောင်းသားတစ်ဦးတို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဝန်ကြီးဌာန ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၁၆၂ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်ကျောင်းသား နှစ်ဦးနှင့် ဒီဂရီကောလိပ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်းရှိ ဆောက်လုပ်ဆဲ လေးထပ် အင်ဂျင်နီယာစာသင်ဆောင်၊ အဆင့်မြှင့်တင်လျက်ရှိသည့် ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ တည်ဆောက်ရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများမှ သင်တန်းသား သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြား၍ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ ဆောက်လုပ်ဆဲ လေးထပ်အိပ်ဆောင်နှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ယာဉ်၊ ယန္တရားကြီးများ ထိန်းသိမ်းထားရှိမှုနှင့် ကြံ့ခိုင်မှုများ၊ လူပျိုအပျိုဆောင်များ၊ ဝန်ထမ်းမိသားစုဝင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် ရာသီသီးနှံစိုက်ခင်းများနှင့် ငါးမွေးမြူရေးကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်း ကျောင်းသားကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး လုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်မည့်သူများ ဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့်ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီထူထောင်မှုရရှိစေရန် ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ မဲမသမာမှုများ မဖြစ်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များမှ ပညာရှင်များ၏ နည်းပညာနှင့်ကျွမ်းကျင်မှု အကူအညီရယူပြီး CVLMS (Central Voter List Management System) ဆော့ဖ်ဝဲလ်အပါအဝင် အဆင့်မြင့် အိုင်တီနည်းပညာများ အသုံးပြု ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏ အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများကို လက်တွေ့စမ်းသပ်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားသည်။

### အမှာစကားပြောကြား

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီးပါတီတာဝန်ခံများက ပါတီဝင်အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

### ပါတီတာဝန်ခံများ တက်ရောက်ခဲ့

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ အတွင်းရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ၊ ပြည်သူ့အလုပ်သမားပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသား ဒီမိုကရေစီပါတီသစ်၊ အမျိုးသား နိုင်ငံရေးအားမာန်သစ်ပါတီတို့မှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့သည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋီ တိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်း ရင်ပြင်၊ မာရဝိဇယ ကျောင်းတော်၊ အဂ္ဂါမိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ သဒ္ဓါမိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံ စေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညို လေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးထွန်းညှိ ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် သီတင်းကျွတ်လပြည့် (အဖိတ်နေ့) ညပိုင်းတွင် စည်ကားစွာတွေ့ရပြီး ဆီမီးထွန်းညှိပူဇော်သူများကို တွေ့ရစဉ်။

ထို့ပြင် ဘုရားဖူးရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါနစတုဒိသာအဖြစ် ကျွေးမွေး လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီတင်းကျွတ်ခါ သည်ချိန်မှာ

✻ သည်ချိန်သည်ခါ၊ စဉ်အလာ
တို့ရွာတို့ရပ်၊ မေတ္တာခတ်
လွှမ်းပတ်သိုင်းခြုံ၊ စဉ်မြဲလုံ
ခိုလှုံနွေးထွေး၊ ရပ်ဝန်းအေး
အေးတယ်လေလေ့ အေးတယ်လေ့။

✻ ရွာလယ်မှာဆုံ၊ ဓမ္မာရုံ
နတ်ဘုံအလား၊ ဝင့်ဝင့်ကြွား
ရွာသားရွာသူ၊ စိတ်ရင်းဖြူ
ညီတူရှေးရှူ၊ ယဉ်ကျေးမှု
စတုဒိသာ၊ ပွဲခင်းသာ
သာတယ်လေလေ့ သာတယ်လေ့။

✻ မြကန်နံဘေး၊ ကြာစုံမွှေး
ငြိမ်းအေးပုံသွင်၊ စေတီရှင်
ရင်ပြင်ကျယ်မှီး၊ ရှုမငြီး
မြည်ဟည်းညီးညံ၊ ခေါင်းလောင်းသံ
လွင့်ပျံ့သကို၊ နားဝင်ချို
ချိုတယ်လေလေ့ ချိုတယ်လေ့။

✻ ရွာဦးကျောင်းစွန်း၊ ရှေးမူသွန်း
လေးကျွန်းတမြင်းမိုရ်၊ သညာချို
ခေါ်ဆိုပြောမှတ်၊ အနုစပ်
နိပါတ်ပန်းချီ၊ ကနုတ်သီ
ရှေးမီအနု၊ လက်ရာစု
ကုသိုလ်စိတ်စဉ်၊ သဒ္ဓါထင်
ဝင်္ကပါစည်း၊ လှည့်မငြီး
ဆီမီးရာထောင်၊ ပန်းရာထောင်
ဖွဲ့နှောင်ထိန်လင်း၊ မွှေးထုံသင်း
သင်းတယ်လေလေ့ သင်းတယ်လေ့။

✻ ရှေးမူမပျက်၊ စဉ်အဆက်
ကမ်းလက်မျှဝေ၊ ရိုးရာမွေ
ရွာမြေတစ်ကြော၊ သာပါကော
မနောစိတ်ရင်း၊ ပန်းလိုသင်း
သီတင်းကျွတ်ခါ၊ သည်ချိန်မှာ
ဆရာမိဘ၊ ကန်တော့ကြ
ဒါနလည်းကူ၊ သီလယူ
ယူတယ်လေလေ့ ယူတယ်လေ့။ ။

ဖိုလေးလုံးသောင်းကိုကို



ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၊ မိုဃ်းကောင်းဘုရားကြီး၊ ရွှေဘုန်းပွင့်စေတီနှင့် အမတရောင်ခြည်ဘုရားဖြူများ၌ သီတင်းကျွတ် အဖိတ်နေ့ ညပိုင်းက ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်း၊ ဆီမီးများ ထွန်းညှိခြင်းနှင့် ကုသိုလ်ပြုကြသူများကို စည်ကားစွာတွေ့ရစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၌ ဝါလကင်းလွတ်သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အကြိုအဖိတ်နေ့တွင် နမ္မတူမြို့နယ် မြို့မဈေးကြီး၌ ဈေးရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားစွာ တွေ့ရစဉ်။

လူမော် (ပြန်/ဆက်)

# အဘိဓမ္မာဒေသနာ ပြန့်ပွားသည့် နေ့ထူးနေ့မြတ်

သိန်းထွန်း (IR)



❐ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး ၂၂ ရက်မြောက်နေ့မှစ၍ ၂၈ ရက်နေ့အထိ ခုနစ်ရက်ကြာ ဗောဓိပင်၏အနောက်မြောက်ဘက်တွင် အဘိဓမ္မာ၏ သဘာဝတရားတို့ကို သုံးသပ်ဆင်ခြင်တော်မူခဲ့ပါသည်

۞ ထိုဆင်ခြင်သုံးသပ်တော်မူခဲ့သည့် အဘိဓမ္မာတရားတော်တို့တွင် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းကြီးတို့ ပါဝင်ပါသည်။ ထိုအဘိဓမ္မာခုနစ်ကျမ်းတွင် အနက်နဲဆုံးဖြစ်သည့် ပဋ္ဌာန်းကျမ်းကြီးလည်း ပါဝင်ပါသည်။ မြတ်စွာဘုရားသည် လွန်စွာကျယ်ဝန်းလှသည့် ပဋ္ဌာန်းတရားတော်ကြီးအား ဆင်ခြင်သုံးသပ်ပြီးချိန်တွင် မြတ်စွာဘုရားရှင်၏ ခန္ဓာကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးထွက်ပေါ်လာခဲ့ပါသည်

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက် ဖြစ်ပါသည်။

### အလေးနက်ဆုံးဒေသနာ

သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓတရားတော်၏ ကျယ်ပြန့်နက်နဲသည့် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင် ဟောကြားပြီးဆုံးသည့်အတွက် အဘိဓမ္မာဒေသနာတော်နေ့လည်း ဖြစ်ပါသည်။ အဘိဓမ္မာဒေသနာတွင် ပိဋကတ်သုံးပုံဖြစ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ ပါဝင်ပါသည်။ အဘိဓမ္မာတရားသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားတော်များထဲတွင် အထူးခြားဆုံးနှင့် အလေးနက်ဆုံးဒေသနာ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါအရောက် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်တွင် စံပယ်တော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုသိတနတ်သားအား ကျေးဇူးဆပ်လိုသောအားဖြင့် ဝါတွင်းသုံးလပတ်လုံး "ကုသလာဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" အစချီသော အဘိဓမ္မာခုနစ်ကျမ်းကို နတ်ဗြဟ္မာအပေါင်းတို့အား ပထမဦးဆုံး ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာဒေသနာတော်ကြီးအား ဝါဆိုလပြည့်နေ့မှ စတင်ဟောကြားခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင်တရားတော်ဟောကြားပြီးဆုံးခဲ့ပါသည်။ ထို့နောက် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကဿနဂိုရ်ပြည်သို့ သီတင်းကျွတ်လပြည့်နေ့တွင် ပြန်လည်ဆင်းသက်တော်မူလာခဲ့ပါသည်။ မြတ်စွာဘုရားဆင်းသက်ကြွမြန်းလာသည်ကို ရည်စူး၍ ဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ထိုနေ့တွင် မီးများထွန်းကာ မြင့်မိုရ်ပွဲ ဆင်ယင်ကျင်းပကြသည်။

### သီတင်းကျွတ်လ

သီတင်းကျွတ်လသည် မြန်မာရာသီ ၁၂ လတွင် သတ္တမမြောက်လဖြစ်ပါသည်။ မိုးနှောင်းကာလလည်းဖြစ်သည်။ နက္ခတ်ဗေဒင်အရ သီတင်းကျွတ်လသည် တူရာသီဖြစ်သည်။ ထိုရာသီကို အဿဝဏီနက္ခတ်နှင့်ယှဉ်၍ လပြည့်သောကြောင့် အဿယုဇဟူ၍ဆိုပါသည်။ တူရာသီ၏ ရာသီပန်းမှာ ကြာဖြူပန်း ဖြစ်ပါသည်။ ထိုလကို သီတင်းကျွတ်လဟုခေါ်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလ၊ ရက်ပေါင်း ၉၀၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ သီတင်းဝါလကျွတ်သောကြောင့် (သီတင်းကျွတ်) လဟူ၍ သာသနာကျမ်းအလို ခေါ်ဆိုကြောင်း လေ့သင်းအတွင်းဝန်ရေးသည့် ဝေါဟာရ လီနတ္ထဒီပနီကျမ်း၌ဆိုပါသည်။ ထိုလကိုပင် မြန်မာဘာသာ ရှေးသူဟောင်းတို့စကား (သန်တူလ) ဟူ၍လည်း ရှေးရေး ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ သမိုင်းကျောက်စာများတွင် ရှေးပညာရှိတို့ ရေးသားကြောင်း၊ သန်တူလ အဓိပ္ပာယ်မှာ ဝသန္တမိုးဥတုရာသီကို သန်ဟူ၍ ရှေးသူဟောင်းတို့ ခေါ်ဆိုကြောင်း ဆိုပါသည်။

ပုဂံခေတ်ထိုး ကျောက်စာတို့တွင် သီတင်းကျွတ်ဟူသောစကားကို မတွေ့ရှိရဘဲ တုရွှင်းတောင်ရှိ သက္ကရာဇ် ၅၇၄ ခုနှစ်က ထိုးထွင်းထားပြီး စာကြောင်းရေ ၂၉ ကြောင်းပါ စောရဟန်း သိမ်ကျောက်စာတွင် သတင်းချွတ်ဟူသောအသုံးကို ရှေးဦးဆုံး တွေ့ရကြောင်း သိရပါသည်။ သတင်းချွတ်ဟူသော စကားသည် သတင်းသီလစောင့်ထိမ်းသူတို့က ချွတ်လွှတ်ကုန်ဆုံးအောင်ပြုသည်ဟု အနက်ထွက်ကြောင်း သိရပါသည်။ သတင်းချွတ်နှင့် ဝါကျွတ်ဟူသော စကားကိုဖက်တွဲ၍ သတင်းကျွတ်ဟူသော စကားဖြစ်ပေါ်လာသည်ဟု ယူဆကြပါသည်။ မြန်မာလအမည်များစာအုပ်၌ "သတင်းကျွတ်" ဟူသောစကားကို အင်းဝခေတ် သက္ကရာဇ် ၈၀၀ ခန့်မှသာစ၍ ကျောက်စာတို့တွင် သုံးစွဲလျက်ရှိသည်ဟု ဆိုပါသည်။

### သီတင်းကျွတ်မီးထွန်းပွဲတော်

သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပုဂံခေတ်ကပင် ကျင်းပပြုလုပ်နေပြီဟုယူဆရသည့် ပုဂံခေတ် ဘုရားစေတီများမှ နံရံဆေးရေးပန်းချီများတွင် တွေ့ရပါသည်။ ရှေးမြန်မာဘုရင်တို့လက်ထက်က ဘုရင်နှင့်မိဖုရားတို့၏ ကန်တော့ခံပွဲများကို နန်းတွင်းနန်းပြင်၌ ကျင်းပလေ့ရှိကြောင်း (ဆရာကြီး) မောင်ထင်၏ မြန်မာဆယ့်နှစ်လအကြောင်း စာအုပ်တွင် ဖော်ပြထားပါသည်။ ယခင်က သီတင်းကျွတ်ပွဲတော်ကို မြင့်မိုရ်ပွဲဟူ၍ လည်းကောင်း၊ တာဝတိံသာပွဲဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကြောင်း ဖော်ပြထားသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် မြတ်စွာဘုရားရှင်အား မီးများထွန်း၍ ပူဇော်သည့် ရက်မှာ လပြည့်နေ့တစ်ရက်ပင် ဖြစ်သော်လည်း အများအားဖြင့် ကျင်းပကြသည်မှာ လပြည့်နေ့မတိုင်မီ တစ်ရက်၊ လပြည့်နေ့နှင့် လပြည့်ကျော် တစ်ရက်အဖြစ် သုံးရက်တိုင် ကျင်းပလေ့ရှိကြောင်း (ဆရာမကြီး) ဒေါ်ခင်မျိုးချစ်၏ ဆယ့်နှစ်လရာသီပန်းများနှင့် ပွဲတော်များစာအုပ်တွင် ဖော်ပြထားပါသည်။ ယနေ့ထက်တိုင်လည်း သီတင်းကျွတ်မီးထွန်းပွဲတော်ကို သုံးရက်ကျင်းပလျက်ရှိကြပါသည်။

မီးထွန်းပွဲတော်သည် ဘာသာရေးနှင့်ဆိုင်သည့် ပွဲတော်ဖြစ်သော်လည်း ကလေးဘဝက သီတင်းကျွတ်ပွဲတော်ရောက်လျှင် များစွာပျော်ကြပါသည်။ သီတင်းကျွတ် ကျောင်းပိတ်ချိန်လည်း ဖြစ်သည့်အတွက် ကျောင်းစာများခဏနားကာ ပျော်ရသည့်ရက်များလည်း ဖြစ်ခဲ့ပါသည်။ ငယ်စဉ်က သီတင်းကျွတ်မီးထွန်းပွဲတော်အကြောင်းကို သေချာစွာ မသိခဲ့ပါ။ ကလေးသဘာဝအတိုင်း မီးထွန်းပွဲရောက်တိုင်း ပျော်ရသည်ကို စွဲမြဲစွာမှတ်မိခဲ့သည်။

ကျောင်းပိတ်သည့်ကာလအတွင်း သီတင်းကျွတ် မီးထွန်းပွဲတွင် လျှောက်လည်ကြပါသည်။ ကျွန်တော်တို့ငယ်စဉ် လျှပ်စစ်မီးမရရှိသေးသဖြင့် ရေနံဆီမီးခွက်သာ အသုံးပြုနေရစဉ်က သီတင်းကျွတ်တွင် မီးထွန်းရန် ဆီမီးခွက်များ သုံးကြပါသည်။ ဆီမီးထွန်းရန် ဆီမီးခွက်၊ မီးစာ၊ ဆီတို့ကို ဝယ်ကြသည်။ ရုံဖန်ရုံခါ မီးပုံးလေးများ ဝယ်ကြသည်။ ကျွန်တော်တို့က နို့ဆီခွက်နှင့်လုပ်သည့် တွန်းလှည်းလေးများကို ဝါးခြမ်းပြား၊ နို့ဆီခွက်တို့ဖြင့် ကိုယ်တိုင်လုပ်ကြသည်။ နို့ဆီခွက်အခွံနှင့် လုပ်ထားသည့် လှည်းကလေးတွင် ဒလက်တပ်ထားသဖြင့် လှည်းတွန်းလိုက်တိုင်း အသံမည်သည်ကို ကလေးတိုင်း သဘောကျကြသည်။ ကိုယ့်ဘာသာလုပ်နိုင်သည့် ကစားစရာဖြစ်သည့်အတွက် အထွေအထူးငွေကုန်စရာမလို။ ထိုလှည်းလေးတွင် ဖယောင်းတိုင်လေးထွန်း၍ ရပ်ကွက်ထဲ လျှောက်လည်တော့သည်။ ကလေးနှစ်ယောက်၊ သုံးယောက်လောက်များ တွန်းသွားကြလျှင် အသံကဆူညံနေသည်။ လူကြီးများက နားငြီးပေမယ့် ကလေးတွေအတွက်တော့ ပျော်လို့မဆုံးနိုင်။ နောက်ပိုင်းတော့ မီးပုံးတွန်းလှည်းလေးများ ပေါ်လာသည်။ အရုပ်မျိုးစုံဖြင့် လုပ်ထားသည့် မီးပုံးများလည်း မျိုးစုံပေါ်လာသည်။ လျှပ်စစ်မီးရောင်စုံတွေပေါ်လာသည့်အခါ သီတင်းကျွတ်မီးထွန်းပွဲတော်သည်လည်း ယခင်ကနှင့်မတူ ခေတ်မီလာသည်။

မီးထွန်းပွဲတော်ညပိုင်းတွင် ဆီမီးများဖြင့် ဘုရားပူဇော်ကြ၊ အလှူဆင်ကြ၊ ဆော့ကစားကြသည်။ လပြည့်နေ့တွင် မိသားစုလိုက် ဘုရားသို့သွား၍ ဆီမီးပူဇော်ကြသည်။ ထို့နောက် လူကြီးသူမများကို ကန်တော့ကြသည်။ မိမိထက်အသက်အရွယ်ကြီးသည့် အစ်ကိုအစ်မတို့ကိုလည်း ကန်တော့ကြသည်။ လူကြီးသူမများက ဆုတောင်းပေးကြသည်မှာ ကြည်နူးစရာဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့သည် ဝါတွင်းသုံးလတွင် နောက်ဆုံးလလည်းဖြစ်သည်။ လူကြီးသူမများက ဝါတွင်းသုံးလပတ်ကာလလုံး ဥပုသ်သီလ ဆောက်တည်ကြသည်။ မိဘများက ကျွန်တော်တို့အား ဝါတွင်းဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းလိုက်၍ သီလယူရန် ခေါ်ကြသည်။

ကျွန်တော်တို့ကလည်း ဘုန်းကြီးကျောင်းသို့ အမြဲလိုက်ချင်ကြသည်။ ဘုန်းကြီးကျောင်းရောက်လျှင် စားစရာအစုံစားရသည်။ ဘုန်းကြီးနှင့် မိဘများက ရင်းနှီးသဖြင့် ဘုန်းကြီးကလည်း ကျွန်တော့်အား အလိုလိုက်သည်။ သီတင်းကျွတ်လပြည့်နေ့ ဘုန်းကြီးကျောင်းသွားလျှင် ဆရာတော်က သီတင်းကျွတ်လပြည့်နေ့နှင့်ပတ်သက်၍ တရားဟောသည်။ ထိုစဉ်က ဘုန်းကြီးဟောသည့်တရားကို နားမလည်ခဲ့။ သီတင်းကျွတ်လပြည့်နေ့သည် မီးထွန်းပွဲတော်ဟုသာ သိခဲ့သည်။

### အနှစ်သာရ

တကယ်တော့ သီတင်းကျွတ်လပြည့်နေ့သည် မီးထွန်းပွဲတော်ဆိုသည်ထက် ပို၍အနှစ်သာရရှိပါသည်။ မြတ်စွာဘုရားရှင်က မယ်တော်မိနတ်သားနှင့် နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်ကာလလုံး အဘိဓမ္မာတရားတော်ကိုဟောကြားတော်မူခဲ့ပါသည်။ တစ်ချိန်တည်းမှာ လူ့ပြည်တွင်လည်း အဘိဓမ္မာတရားအနှစ်ချုပ်ကို ရှင်သာရိပုတ္တရာအားဟောကြားခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခဲ့ပါသည်။

အဘိဓမ္မာနှင့်ပတ်သက်၍ ပါမောက္ခချုပ်ဆရာတော်ကြီး ဟောကြားသောတရားကို နာကြားဖူးပါသည်။ တာဝတိံသာနတ်ပြည်၌ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် အဘိဓမ္မာ ခုနစ်ကျမ်းသည် သဘာဝတရားများကို ဆင်ခြင်စဉ်းစားထားသည့် အထူးခြား အလေးနက်ဆုံးနှင့် အကျယ်ဝန်းဆုံးတရားတော်ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး ၂၂ ရက်မြောက်နေ့မှစ၍ ၂၈ ရက်နေ့အထိ ခုနစ်ရက်ကြာ ဗောဓိပင်၏ အနောက်မြောက်ဘက်တွင် အဘိဓမ္မာ၏ သဘာဝတရားတို့ကို သုံးသပ်ဆင်ခြင်တော်မူခဲ့ပါသည်။

ထိုဆင်ခြင်သုံးသပ်တော်မူခဲ့သည့် အဘိဓမ္မာတရားတော်တို့တွင် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းကြီးတို့ ပါဝင်ပါသည်။ ထိုအဘိဓမ္မာ ခုနစ်ကျမ်းတွင် အနက်နဲဆုံးဖြစ်သည့် ပဋ္ဌာန်းကျမ်းကြီးလည်း ပါဝင်ပါသည်။ မြတ်စွာဘုရားသည် လွန်စွာကျယ်ဝန်းလှသည့် ပဋ္ဌာန်းတရားတော်ကြီးအား ဆင်ခြင်သုံးသပ်ပြီးချိန်တွင် မြတ်စွာဘုရားရှင်၏ ခန္ဓာကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးထွက်ပေါ်လာခဲ့ပါသည်။

ရုပ်၊ နာမ် သဘာဝတရားတို့၏ အကြောင်းနှင့် အကျိုးကို ထိုးထွင်းသိမြင် ဆင်ခြင်သုံးသပ်ထားသည့်

*စာမျက်နှာ ၇ သို့*

# အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့အကြို (အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ပွဲနှင့် စုပေါင်းဆီမီး ဆက်ကပ်ပူဇော်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၈**
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူ**

ဦးစွာ ဗဟန်းမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာဂန္ထဝါစက ပဏ္ဍိတသာသနဓဇ ဘဒ္ဒန္တဓမ္မာစရိယ အရှင်သူမြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သြဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာ ဘဒ္ဒအဂ္ဂသာမိထံမှ အနုမောဒနာတရား နာကြား၍ ရေစက်ချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စုပေါင်းဆီမီးဆက်ကပ်**

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ၁၃၇၄ ခုနှစ် သီတင်းကျွတ် လပြည့်နေ့အကြို (အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ပွဲနှင့် စုပေါင်းဆီမီးဆက်ကပ်ပွဲအခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ လျှပ်စစ်မီးစေတီများကို ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန်အလှူငွေများကို ဂေါပကအဖွဲ့သို့ လှူဒါန်းကြပြီး ဆီမီးများဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် အောင်မြေ၌ ဂေါပကအဖွဲ့ဝင်များ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက "နီလာနီလာ" အစချီသောမဟာပဋ္ဌာန်း ရောင်ခြည်တော်ဖွင့် ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ခြင်း "သောဝဏ္ဏကိုကံ" အစချီသော ရွှေတိဂုံဘုရားရှိခိုး ဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ပန်း ရေချမ်း ဆီမီး အမွှေးနံ့သာကပ်လှူပူဇော်ခြင်း၊ "ဘဂဝန် ဘုန်းလှိုင်" အစချီသော မဟာပဋ္ဌာန်းတိုက်တွန်းလွှာဖြင့် ရွတ်ဆိုတိုက်တွန်းခြင်း၊ မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေသာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ စုပေါင်း၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့ (အဖိတ်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူများနှင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်း - ဓာတ်ပုံ ကိုကိုဇော်(mna)**



**ရွှေတိဂုံစေတီတော်မြတ်ကြီးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ ဆီမီးဆက်ကပ်ပူဇော်စဉ်။**

*စာမျက်နှာ ၆ မှ*
ထိုအဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားက တာဝတိံသာနတ်ပြည်တွင် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် မြတ်စွာဘုရားသည် အဘိဓမ္မာတရားအား နတ်ပြည်တွင် ဟောကြားနေစဉ် နေ့စဉ်ဆွမ်းဘုဉ်းပေးသည့် အချိန်၌ လူ့ပြည်သို့ကြွလာပါသည်။ မြတ်စွာဘုရားရှင် လူ့ပြည်သို့ကြွချိန်၌ နတ်ပြည်တွင် နိမ္မိတရုပ်ဖန်ဆင်း၍ တရားတော်များကို ဆက်လက်ဟောကြားပေးခဲ့ပါသည်။ မြတ်စွာဘုရားရှင် လူ့ပြည်သို့ကြွလာစဉ် ရှင်သာရိပုတ္တရာအား နတ်ပြည်၌ ဟောကြားခဲ့သည့် တရားများကို အကျဉ်းချုပ်၍ နေ့စဉ်ဟောကြားတော်မူခဲ့ပါသည်။ ထိုတရားတော်များကို ရှင်သာရိပုတ္တရာကိုယ်တော်မှ အမျိုးကောင်းသား တပည့်ရဟန်း ၅၀၀ အား ထပ်ဆင့်ဟောကြားခဲ့ပါသည်။ ထိုသို့နတ်ပြည်နှင့်လူ့ပြည်တွင် အဘိဓမ္မာတရားဒေသနာများအား တစ်ပြိုင်နက်တည်း ဟောကြားခဲ့ရာ တာဝတိံသာနတ်ပြည်တွင် မြတ်စွာဘုရားက အဘိဓမ္မာခုနစ်ကျမ်းဟော၍ နိဂုံးချုပ်သည့်နေ့တွင် လူ့ပြည်မှ ရဟန်း ၅၀၀ သည်လည်း အဘိဓမ္မာဆောင်သည့် ပုဂ္ဂိုလ်များဖြစ်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် နတ်ပြည်နှင့် လူ့ပြည်တွင် မြတ်စွာဘုရားရှင် အဘိဓမ္မာတရားဒေသနာတော်ကြီး ဟောပြောပြီးဆုံးသည့်နေ့ ဖြစ်ပါသည်။ ထိုနေ့သည် နတ်ပြည်နှင့် လူ့ပြည်တွင် ဗုဒ္ဓသာသနာ၏ အလွန်တရာနက်နဲသော တရားတော်များ စတင်အခြေတည်သည့်နေ့ ဖြစ်ပါသည်။ လူသားတို့အတွက် အဖိုးမဖြတ်နိုင်သော နေ့ရက်ဖြစ်ပါသည်။ ယနေ့ ဗုဒ္ဓဘာသာဝင်တိုင်း ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်လျက်ရှိကြပါသည်။ အဘိဓမ္မာဒေသနာတော်များကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့် ပဋိသမ္ဘိဒါဉာဏ်ကို ရရှိစေနိုင်ပါသည်။ ထိုသို့ရရှိခြင်းဖြင့် မိမိသန္တာန်တွင် အစိုင်အခဲအဖြစ် ရှိနေသည့် အယူအဆအမှားများဖယ်ရှား၍ အတ္တဆိုသည့် အတွေးမှား၊ အမြင်မှားများကို ဖယ်ရှားပစ်နိုင်ပါသည်။ အတ္တသည် မိမိခန္ဓာကိုယ်အတွင်း၊ အပြင်မည်သည့်နေရာမှမရှိ၊ အနတ္တသည် အတ္တမဟုတ်ကြောင်း အမြင်မှန်များကို ရရှိစေပါသည်။

ထိုသို့ဖြစ်ရာ အဘိဓမ္မာအခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားလေးနက်သည့် နေ့ထူးနေ့မြတ်ရက် တစ်ရက်ဖြစ်ပါသည်။ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် အဘိဓမ္မာတရားတော်တို့သည် ယနေ့ထက်တိုင် ကျွန်တော်တို့ကို အသိဉာဏ်အလင်းများ ပေးလျက်ရှိပါသည်။ ဘဝသံသရာမှလွတ်မြောက်ရာဖြစ်သော အဘိဓမ္မာတရားတို့သည် ဝါတွင်းကာလအတွင်းအတွက်သာ မဟုတ်ပါ။ ရုပ်နှင့်နာမ်တည်ရှိနေသရွေ့ အဘိဓမ္မာတရားတို့ကို ဆင်ခြင်သုံးသပ်ကျင့်ကြံအားထုတ်နေကြရပါဦးမည်။ ပါမောက္ခချုပ်ဆရာတော်ကြီး ဟောကြားတော်မူသကဲ့သို့ ဗုဒ္ဓသာသနာသည် မိမိကိုယ်တိုင်လိုက်နာကျင့်သုံးမှ မိမိသာသနာဖြစ်ပါမည်။ မိမိရင်ထဲသာသနာတည်မြဲနေဖို့သည် ကိုယ်တိုင်မည်မျှအထိ လိုက်နာကျင့်သုံးသလဲအပေါ်မူတည်သည်ဟု ဟောကြားတော်မူပါ၏။

ဝါလကင်းလွတ်သီတင်းကျွတ်မှရရှိသော တရားထူး တရားမြတ်တို့သည် "ငါ" ဆိုသည့် အတ္တစွဲကို စွန့်လွှတ်နိုင်သည့် တရားထူးတရားမြတ်တို့ အစပြုရာ နေ့ရက်ဖြစ်ပါသည်။ ထိုတရားတို့ဖြင့် ငါအတ္တစွဲအားဖယ်ရှားရန် ကြိုးစားကြရပါမည်။ ဖြစ်ခြင်း၊ ပျက်ခြင်း အကြောင်းနှင့်အကျိုးကိုသိရန် ကြိုးစားအားထုတ်ကြရပါမည်။ သဘာဝလောက၏ အကြောင်းအကျိုးကိုမဆင်ခြင်ဘဲ ငါအတ္တစွဲအား ဖက်တွယ်ထားသမျှ ဘဝဒုက္ခဆင်းရဲနွံအတွင်း လှူပ်လေမြုပ်လေဖြစ်နေပါဦးမည်။ တရားကိုသိခြင်း၊ တရားကို လိုက်နာကျင့်သုံးခြင်းသည် ဗြဟ္မာဝိဟာရဟုခေါ်သည့် မြင့်မြတ်သော နေထိုင်ခြင်းပင် မဟုတ်ပါလား။ ။


**ကိုးကား**

၁။ ဒေါက်တာနန္ဒမာလာဘိဝံသ၊ ပဋ္ဌာန်းမြတ်ဒေသနာ၊ ၂၀၁၀

၂။ လေ့သင်းအတွင်းဝန်၊ ဝေါဟာရလီနတ္ထဒီပနီ၊ ၁၉၆၃

၃။ ခင်မျိုးချစ်၊ ဆယ့်နှစ်လရာသီပန်းများနှင့်ပွဲတော်များ၊ ၂၀၀၄

၄။ ဝီကီပီးဒီးယား

၅။ http://www.nlm.gov.mm

# သီတင်းကျွတ်လ

မောင်လူမွေး(မြန်မာမှု)

**“သက်ကြီးဝါကြီးတို့၏ ဆုံးမစကား ဩဝါဒများကိုခံယူ၍ ပူဇာစ ပူဇနေယျာန မင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတာမင်္ဂလာ၊ သောဝ စသဿတာမင်္ဂလာ စသည့်မင်္ဂလာတရားတော်များကို တစ်ပြိုင်နက်ဖြစ်စေသော၊ ရစေသော သီတင်းကျွတ်လရဲ့ ယဉ်ကျေးမှုဖြစ် ”**

သီတင်းကျွတ်လကို ပုဂံခေတ်ထိုး ကျောက်စာများတွင် **“သန်တူ”** လဟု ရေးထိုးကြ၏။ ရှေးရေးဇေဒင်ကျမ်း၊ ဆေးကျမ်းမှတ်တမ်းများတွင် **“သန်တူ”** လဟုပင် တွေ့ရပေသည်။

**အရှည်တည်တံ့မြဲ**

လေ့သင်းအတွင်းဝန် ဦးခြိမ့်က သူ၏ ဝေါဟာရလိနတ္ထဒီပနီ (ပြောဆိုသောစကားအနက်အဓိပ္ပာယ်လျှို့ဝှက်ရာကို ဖွင့်ဆိုသောကျမ်း)တွင် **“သန်”** ပုဒ်မှာ ဝဿန္တဥတုမှ **“သန်”** ကိုယူ၍ မိုးဥတုရာသီမှာပင် ကျရောက်သော တူရာသီမှ **“တူ”** ကိုယူကာ ပေါင်းစပ်ဝေါဟာရ **“သန် + တူ”** လဟုခေါ်ဝေါ်ကြောင်း ဖွင့်ဆိုထားလေသည်။ ဤအဆိုကို လက်မခံလိုပေ။ ပုဂံခေတ်ဦးဝေါဟာရများသည် သာစုသာစုခေါ်သည်ကိုပင် **“ကောင်းလောင်တည်း ကောင်းလောင်တည်း” “ကောင်းပေ၏ ကောင်းပေ၏”**ဟု မြန်မာစကားစစ်စစ်ဖြင့် ရေးထိုးကြ၏။ ဆင်းရဲ-ချမ်းသာ-ကောင်းမှု-မကောင်းမှု စသည်တို့ကိုလည်း မူရင်းမြန်မာဝေါဟာရအတိုင်း သုံးစွဲကြလေသည်။ နောင်ဗုဒ္ဓဘာသာ လှိုင်လှိုင်ကြီး ထွန်းကားလာသောအခါမှ ဆင်းရဲ+ဒုက္ခ(ပါဠိသက်)၊ ချမ်းသာ+သုခ (ပါဠိသက်)၊ ကောင်းမှု+ ကုသိုလ်(ပါဠိပျက်)၊ မကောင်းမှု+ဒုစရိုက်(ပါဠိပျက်)၊ အိုး+စရည်း(မြန်မာမွန်) စသည်ဖြင့် ဝေါဟာရတွဲစပ် သုံးစွဲလာကြလေသည်။ အလွန်ရှေးကျသောအခါက ဝဿန္တနှင့် တူရာသီဝေါဟာရနှစ်ခုကို ဆက်စပ်၍ **“သန်တူ”** ဟု သုံးလာသည်ဆိုခြင်းမှာ မဖြစ်နိုင်တန်ရာပေ။ ဘာသာစကားဝေါဟာရတို့သည် ဆယ်စု - ရာစုတိုင်ပြီးမှသာ အရှည်တည်တံ့မြဲဖြစ်ပေသည်။

ဆရာကြီး ဦးဖိုးလတ်ကမူ **“သန်”** သည် ကောက်စပါးကို ပြဆိုသော မြန်မာစကားဖြစ်သည်။ မိုးရာသီကာလ လုပ်ဆောင်သောလယ်ကို သန်လယ်၊ ဆောင်းဥတုကာလ လုပ်ဆောင်သော လယ်ကို မူရင်းလယ်ဟု ခေါ်ကြရာ **“သန်”** သည် ကောက်စပါးကိုပြဆိုသော မြန်မာစကားစစ်စစ်ဖြစ်သည်။ **“တူ”**မှာလည်း တစ်စုံတစ်ခုကို ထောင်မတ်သည်၊ စိုက်သည်ဟူသော အဓိပ္ပာယ်ရသည့် **ထူ-တူ** ဝေါဟာရမှ **“တူ”**သာဖြစ်သည်။ ထူမတ်ခြင်း၊ ထောင်ခြင်း၊ တက်၊ ထွက်၊ ထ၊ ထောင်၊ ပေါက် အဓိပ္ပာယ်ကို မြန်မာတို့နှင့် ဘာသာစကားနီးနွယ်သောမူဆိုဘာသာ၊ ပေါင်းရှည်ချင်းဘာသာ၊ လီဆူဘာသာ၊ တရုတ်ဘာသာတို့ တွင် **“တူ”**ဝေါဟာရကို သုံးပေသည်။ ဆရာကြီး ဦးဖိုးလတ်၏ သုတေသနပြုချက်ကို ထောက်ခံရပါမည်။

**“သန်တူလ”** မှ သီတင်းကျွတ်လကို ပြောင်းလဲလာပုံတို့မှာ -ဗုဒ္ဓဘာသာကို အခြေခံ၍ ဖြစ်လာသောအရာဖြစ်ပေသည်။ အင်းဝခေတ် သက္ကရာဇ်-၈၀၀ ဝန်းကျင်တွင် ရေးထိုးခဲ့သောကျောက်စာများတွင် **“သီတင်းကျွတ်”** ဆိုသော ဝေါဟာရကို တွေ့ရပေပြီ။ ထိုကျောက်စာများသည် တချို့ **“ဆင့်ထိုး၊ နောက်ထိုး”** ကျောက်စာများရှိသည် ဆိုသော်လည်း **“သန်တူလ”** အစား **“သီတင်းကျွတ်”** ဝေါဟာရကိုလည်း သုံးစွဲနေလေပြီ။**(သံဃရာဇာ ကျောက်စာသက္ကရာဇ်-၉၂၅)**

အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်ထိကျောက်စာတို့တွင်လည်း သီတင်းကျွတ် ဝေါဟာရကို လှိုင်လှိုင်သုံးလာကြသည်။ သက္ကရာဇ် ၉၅၂ နှစ်၊ မူလ မင်းရဲကျော်စွာထိုးခဲ့သော စစ်ကိုင်းပုညရှင်စေတီ ကျောက်စာတော်ကို ၁၁၃၇ နှစ်တွင် ဘိုးတော်ဘုရားက ဆင့်ထိုးခဲ့ရာ- **“သက္ကရာဇ်၁၁၄၂ ခု၊သီတင်းကျွတ်လပြည့်ကျော်”** ဟု ရေးထိုးလေသည်။

ပုဂံစောရဟန်း၊ ကျောက်စာတွင် **“သတင်းတိုင်”**၊ **“သတင်းချွတ်”** ဟူ၍လည်းကောင်း၊ အခြား ပုဂံခေတ်ထိုး ကျောက်စာတို့တွင် **“သတင်းနေ့၊ သတင်းသည်၊ သတင်းတည်းကုပ်”** ဟူ၍လည်းကောင်း၊ ခေတ်အလိုက် ရေးသားလာခဲ့ကြရာ **“သီတင်း”** ဟု ယနေ့ခေတ်ရေးထိုး **“သ”** တွင် လုံးကြီးတင်ဆန်ခတ်နှင့် မရေးဘဲ **“သတင်း”** ဟုသာ ရေးခဲ့ကြပေသည်။

**အဓိပ္ပာယ်ကူးပြောင်းသွား**

မြန်မာဝေါဟာရများသည် ပုဂံခေတ်နောက်ပိုင်းမှသည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားဘာသာစကားများနှင့် ပို၍ပို၍ ပေါင်းစည်းရေးသားပြောဆိုလာကြသည်။ မွန်ဘာသာ၌ ရဟန်းသံဃာတော်တို့နှင့်မြင့်မြတ်သူတို့အသုံးပြုသော ကျောင်းတွင် နေထိုင်သည့်အရာကို **“ဿင်”** ဟုသုံး၏။ မြန်မာတို့တွင်လည်း **“သ”**နှင့် **“တ”** ကို ဆင့်လျက်ရေးသော ပုဂံခေတ်ကျောက်စာများကို တွေ့ရ၏။ ရဟန်းသံဃာတော်တို့နေထိုင်ရာ ကျောင်းတော်ကို **“သတင်းသုံး”** သည်ပြောကြ၏။ ဤအထိ **“သ”** တွင် လုံးကြီးတင်ဆန်ခတ် မပါသေးပေ။ ရဟန်းတို့နေထိုင်ခြင်း၊ သီလကို ကျင့်သုံးဆောက်တည်ခြင်းတို့သည် မကွဲမပြား တစ်သားတည်းဖြစ်သဖြင့် **“သီတင်း”** ဟူသော ပုဒ်သည် သီလကို ကျင့်သုံးဆောက်တည်၍ နေထိုင်ခြင်း၊ ဝိနည်းတော်အရ ဝါတွင်းသုံးလပတ်လုံး ကျင့်သုံးနေထိုင် သီတင်းသုံးခြင်းမှ သီလဆောက်တည်ခြင်းသို့ ဦးတည်အဓိပ္ပာယ်ကူးပြောင်းသွားလေသည်။

ထို့ကြောင့် သီတင်းကျွတ်ဆိုသည်မှာ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပတ်လုံး သီလကျင့်သုံး (ဝါဆို) ဆောက်တည်နေထိုင်ခြင်းမှ လွတ်မြောက်သောလဟုအဓိပ္ပာယ်ရသော ဝါကျွတ်လ၊ သီတင်းကျွတ်လဟု ခေါ်ဝေါ်လာကြလေတော့သည်။

သီတင်းကျွတ်လ၏ပွဲတော်မှာ မီးထွန်းပွဲတော်ဖြစ်ပေသည်။ ဘုရားရှင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာ၌ ဝါဆိုတော်မူပြီး ထိုမှသင်္ကဿမြို့သို့ သီတင်းကျွတ်လပြည့်နေ့တွင် ကြွဆင်းတော်မူကြောင်းကို ဗုဒ္ဓဝင်ဆိုင်ရာ စာပေများ၌ ပါရှိလေသည်။

ပုဂံခေတ်ထိုး ကျောက်စာအလှူများ စာရင်းများတွင် ညောင်ရေသွန်းအလှူ၊ စာရေးတံမဲအလှူ၊ ကထိန်အလှူ၊ ပွဲသကူအလှူ စသည်ဖြင့်ရှိရာ မီးဖုန်းအလှူသည်လည်း ပါဝင်ပေသည်။

ပုဂံမှသည် အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်ထိ ဆီမီးမြင်းမိုရ်ခေါ် မီးထွန်းပွဲတော်ကို ဘုရင်ကိုယ်တော်တိုင် ကြွရောက်ကျင်းပကြသည့် မှတ်တမ်းမှတ်ရာများကို လောကဗျူဟာ အင်ရုံစာတမ်းတွင် တွေ့နိုင်ပေသည်။

ဘိုးတော်ဘုရားလက်ထက် ထင်ရှားခဲ့သော စာဆိုတော်ဦးယာက သီတင်းကျွတ် မီးထွန်းပွဲတော်ကို **“လူးတား”** ဖြင့်ဖော်ပြခဲ့ရာ ပွဲသဘင်ကိုကွက်ကွက်ကွင်းကွင်း ထင်မြင်မှု တွေ့ရမြင်ရသကဲ့သို့ ခံစားရပေ၏။ မင်းတုန်းမင်း၊ သီပေါမင်းလက်ထက် မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် တွေ့နိုင်ပေ၏။

ကိုလိုနီခေတ် အင်္ဂလိပ်စာရေးဆရာကြီး ရွှေရိုးအမည်ခံ **Sir James Scott** က မင်းတုန်းမင်းခေတ် မီးထွန်းပွဲတော် အကြောင်း ရေးသားချက်ကို သူ၏ (Burmar) စာအုပ်တွင် အကျယ်တဝင့် ရေးထားရာ ကုန်းဘောင်ခေတ် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို တင်ပြထားသောဒြပ်မဲ့ယဉ်ကျေးမှု = (Intangible Cultural Heritage)မှတ်တမ်းကြီးဖြစ်ပေသည်။

**ပဝါရဏာပွဲ**

သီတင်းကျွတ်လ၏ အခြားထူးခြားချက်တစ်ရပ်မှာ **“ပဝါရဏာ”** ပွဲဖြစ်ပေသည်။ ပဝါရဏာပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းတော်များ မိမိတို့ကျောင်းတိုက် သိမ်အတွင်းပြုလုပ်ကြရသည်။ သတ်မှတ်အချိန်အတွင်း စုရုံးရောက်ရှိကြပြီး သံဃပရိသတ်စုံသောအခါ ဦးစွာဥပုသ်ပြုသည့် နည်းအတိုင်းပြုလုပ်ပြီး သမ္မုတိရသော ရဟန်းတော်နှစ်ပါးက အမေး၊ အဖြေပြုရသည်။ အဖြေရဟန်းတော်က ပဝါရဏာကံအတွက် ဉာတ်ထား (ပဝါရဏာပြုတော့မည်ဟု သံဃာကို ရှေးဦးစွာအသိပေးခြင်း)ရသည်။ သိက္ခာဝါကြီးသော မထေရ်က လက်ဝဲပခုံးပေါ် ကေသီကို စမွယ်တင်၍ ဆောင့်ကြောင့်ထိုင်ပြီးလျှင် “ငါ့ရှင်တို့ တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ တပည့်တော်၏ အပြစ်ကို မြင်သော် လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်ကို သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်တော်ကိုရှာ၍ ကုစားပါမည်ဘုရား” ဟု သုံးကြိမ်တိုင်တိုင် သံဃာကို ဖိတ်ကြားတိုက်တွန်းရ၏။ ထို့နောက် ထေရ်စဉ်ဝါလိုက် ဤသို့ပင် မြွက်ဆိုပြီး ကျန်ရဟန်းတော်များက “သာဓု” သုံးကြိမ်ခေါ်ကြရသည်။ ပြီးသောအခါ အကြီးအမှူးဆရာတော်က ဩဝါဒစကားမိန့်ကြားတော်မူလေသည်။

ပဝါရဏာပွဲဖြစ်ပေါ်လာပုံမှာ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် သီတင်းသုံးဖော် ရဟန်းတစ်စုသည် ကောသလတိုင်း ဇနပုဒ်တစ်ခု၌ ဝါဆိုကြ၏။ ထိုရဟန်းတို့သည် စကားနည်းရန်စဲဆိုသလို အချင်းချင်းမခေါ်မပြောဘဲ နေထိုင်ခြင်းသည် ငြင်းခုံမှုမပေါ်နိုင်ဟု ယူဆကာနေကြ၏။ ဝါလကျွတ်၍ ဘုရားရှင်ကို သွားရောက်ဖူးမြော်ကြ၏။ ဘုရားရှင်က အကျိုးအကြောင်းမေးမြန်းရာ အထက်ဖော်ပြပါ နေထိုင်ကြသည်ကို လျှောက်ထားကြလေသည်။

ထိုအခါ ဘုရားရှင်က “ရဟန်းတို့ အချင်းချင်း မခေါ်မပြောဘဲနေခြင်းသည် တိရစ္ဆာန်တို့ နေခြင်းမျိုးသာ ဖြစ်သည်။ ရန်သူအချင်းချင်း နေခြင်းနှင့်တူသည်။ ချမ်းသာစွာ နေထိုင်ခြင်းမျိုးမဟုတ်၊ အဘယ့်ကြောင့် တိတ္ထိတက္ကဒွန်းတို့ကဲ့သို့ ကျင့်သုံးနေထိုင်ကြသနည်း။ သူအ တို့ကဲ့သို့ ကျင့်သုံးနေထိုင်ကြရသနည်း။ ဒါယကာ၊ ဒါယိကာမတို့ အကြည်ညိုပွားစေနိုင်သောအကျင့်မျိုးမဟုတ်၊ ယင်းအကျင့်မျိုး မကျင့်ရ၊ ကျင့်သည့်ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ” ဟု ပညတ်တော်မူ၏။

**ညွှန်ပြပညတ်တော်မူ**

ထိုမျှသာမက သီတင်းကျွတ်သည့်အခါ ရဟန်းတော်များ ပြုကျင့်ရမည့် စည်းလုံးညီညွတ်စွာ နေထိုင်ခြင်း၊ ပန်ကြားပြောဆိုခြင်းများကို ညွှန်ပြပညတ်တော်မူ၏။ “ရဟန်းတို့ ဝါမှထသော ရဟန်းတို့အား မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ သံသယရှိ၍ဖြစ်စေ၊ သုံးပါးသော အကြောင်းတို့ဖြင့် ပဝါရဏာပြုခြင်း(ဝါ) ဖိတ်ကြားခြင်းငှာ ခွင့်ပြု၏။ ထိုသို့ ဖိတ်ကြားခြင်းသည် သင်တို့အတွက် အချင်းချင်းလိုက်လျောညီညွတ်၍ အာပတ်စင်ကြယ်စေ၏။ ဝိနည်းကို လေးစားရာရောက်သည်” ဟု မိန့်ကြားတော်မူ၏။ ထိုသို့မိန့်ကြားပညတ်တော်မူသည်မှစ၍ ပဝါရဏာပွဲတော်ဖြစ်ပေါ်လာခဲ့လေသည်။

**လောက၌ လူသားတို့သည် သူတစ်ပါး အပြစ်ကိုသာ ရှေးရှုကြကုန်၏။ ကိုယ့်အပြစ်ကိုရှု၍ ဝေဖန်ထောက်ပြ တည့်မတ်ဖို့ရာကိုမူ ပြုနိုင်ခဲကြပါ၏။ ပဝါရဏာကမူ မိမိကိုယ်ကို ဝေဖန်သုံးသပ်၍ ဆင်ခြင်တုံ သဘောတရားကို သံဃာ့အဖွဲ့အစည်းတွင် အုတ်မြစ်ချပေးလိုက်ရာ ယနေ့တိုင် ဗုဒ္ဓသာသနာတော်ကြီးသည် နှစ်ပေါင်း ၂၅၆၇ နှစ်တိုင် တည်တံ့ခိုင်မြဲနေ၏။ တည်တံ့ခိုင်မြဲမှုထဲတွင် ထိုအကြောင်းအရာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုရာ၏။**

ဘာသာရေးသုတေသီပညာရှင်များက ပဝါရဏာပွဲဥပဒေသည် ဂေါတမဗုဒ္ဓ၏ ရှေးအကျဆုံး၊ ခေတ်အမီဆုံးနှင့်တိုးတက် မှုလမ်းစဉ်ဖြစ်ကြောင်းကို လက်ခံပြောဆိုကြကုန်၏။

ထို့ကြောင့် ဤဝေဖန်ရေးအစဉ်အလာကောင်းကို သံဃာတော်များသာမက လူများကလည်း (Paradigm) အနေနှင့် နည်းယူအသုံးချပါက အထူးကောင်းလှပေ၏။ သင့်လျော်လှပေ၏။

Dale Carnegie ၏ ကမ္ဘာကျော် မိတ္တဗလ ဋီကာကျမ်းသည် ရာစုနှစ်ပင် မပြည့်သေးပေ။ Napoleon Hill ၏ တက်ကျမ်းသည်လည်း ရာစုနှစ်ပင် မပြည့်သေးပေ။ ထိုစာအုပ်များတွင် တစ်ဦးနှင့်တစ်ဦး အထက်နှင့်အောက် ကျင့်သုံး နေထိုင်ရေး နည်းလမ်းကောင်းများကို ရေးသားထားရာ ဤပဝါရဏာ သဘောတရားပါဝင်နေသည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။ ဗုဒ္ဓ၏ပဝါရဏာ လမ်းညွှန်မှုကား နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပေပြီ။

ဗုဒ္ဓဘုရားရှင်လက်ထက် ဝါလကျွတ်ပါက ဘုရားရှင်ထံသို့ အရပ်လေးမျက်နှာမှ ရဟန်းတော်အသီးသီး လာရောက်ကန်တော့ကြ၏။ ထိုမှတစ်ဆင့် ဝါစဉ်ဝါလိုက်ကန်တော့ခံကြသည့်သာဓကများ ရှိလေသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုမှ မြစ်ဖျားခံလာသော မြန်မာ့ယဉ်ကျေးမှုသည် ရဟန်းတော်များ၊ ဝါစဉ်ဝါလိုက် ကန်တော့ခံကြသလို မင်းညီမင်းသားနှင့် မှူးမတ်သေနာပတိများက ဘုရင်မင်းမြတ်ကို ကန်တော့ကြကုန်၏။ မြန်မာမဟာမင်းခန်းတော်ဆိုင်ရာတွင် ကန်တော့ခံပလ္လင် (ပလ္လင်ရှစ်ခန်း) ကို သီးခြားလုပ်ဆောင်ထားသည်အထိ ရှိပေသည်။

ထိုကန်တော့ခြင်းသည် ဘုရင်နှင့်မင်းညီမင်းသားမှူးမတ်များ သာမကတိုင်းသူပြည်သားများအနေနှင့်လည်း သက်ကြီးဝါကြီးပူဇော်ပွဲများကို ထိုနည်းတူ ကျင့်သုံးလာကြပေသည်။ သက်ကြီးဝါကြီးတို့၏ ဆုံးမစကား ဩဝါဒများကိုခံယူ၍ ပူဇာစ ပူဇနေယျာနမင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတာမင်္ဂလာ၊ သောဝစဿတာမင်္ဂလာစသည့် မင်္ဂလာတရားတော်များကို တစ်ပြိုင်နက်ဖြစ်စေသော၊ ရစေသော သီတင်းကျွတ်လ၏ ယဉ်ကျေးမှုဖြစ်ပါသတည်း။ ။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ

## မဟော်သဓာ ဇာတ်တော်ကြီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၈

**(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။**



“မဟော်သဓာ” ဇာတ်တော်ကြီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မဟော်သဓာဇာတ်တော်ကြီးအဖွဲ့က ဆို ငို ပြော ပညာရပ်များဖြင့် အနုပညာရသမြောက် ယှဉ်ပြိုင်ကြစဉ်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဦးတည်ချက်ချမှတ်ကာ နိုင်ငံတော်ကို အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်၏ သမိုင်းကြောင်းရှည်လျားသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ အရှည်တည်တံ့စေရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၊ နိုင်ငံသားအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည့်ကိစ္စဖြစ်သည်။ မျိုးဆက်သစ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှရရှိသည့် အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန်၊ မိမိတို့ယဉ်ကျေးမှု၊ မိမိတို့ဓလေ့ထုံးစံမှသည် မိမိတို့နိုင်ငံနှင့် မိမိတို့နိုင်ငံသားများအပေါ် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ရေးကို ဆက်လက်သယ်ဆောင်လက်ဆင့်ကမ်းသွားကြရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့တွင် **“အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လုလင်ငယ်သွေး” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သားချင်းများဆုံတွေ့သောအခါ” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမအဆင့်)ပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မဟေမာန်ဖြိုးနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မကေရီသူနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မယုဇနနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မနန်းဖူးပြည့်စံသာနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မမိဆုကြယ်စင်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မလွင်လွင်ကျော်နှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မဇင်မေဝင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မနွယ်နွယ်ဝင်းနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မသူသူလှိုင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖြူစင်ဝင်းနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မနဒီရွှန်းလဲ့နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မဖြိုးအိဇင်နှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မအေဏီကိုနှင့်အဖွဲ့တို့က အခြေခံကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက်ညီညာလှပကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

**ရှမ်းတိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဦးစွာ ရှမ်းပြည်နယ် ရိုးရာအကအဖွဲ့က ရှမ်းတိုင်းရင်းသားရိုးရာအကကို ရှမ်းအက၊ ရှမ်းဟန်ကကွက်များ ပေါင်းစပ်၍ စံပြအနေဖြင့် သရုပ်ပြ ကပြကြသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားရိုးရာအက (အလွတ်တန်း) အဆင့်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်မှ မကေသွယ်စိုးနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မနန်းကေရီနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဖူးဖူးမော်နှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မလဝန်းအိမ်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မနန်းနှင်းနှင်းသဇင်လှိုင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မအေးမြတ်သူနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မဆုလဲ့ရည်နှင့်အဖွဲ့၊ ကယားပြည်နယ်မှ ဒေါ်လဲ့လဲ့ထွန်းနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မနွေးနွေးအောင်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မမေမြတ်မြတ်လင်းနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မိရင်ရင်ဦးနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မခင်ရတနာဦးနှင့် အဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မချောဆုပိုနှင့်အဖွဲ့တို့က ရှမ်းပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုဖော်ကျူးထားသည့် ရှမ်းပြည်အလှ ရှမ်းတို့ရိုးရာအက သီချင်းနောက်ခံဖြင့် လှပကျော့ရှင်းသည့် ရှမ်းတိုင်းရင်းသားရိုးရာကကြိုး၊ ကကွက်များကို ရှမ်းအလှ၊ ရှမ်းဟန်တို့နှင့်ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်ကြသည်။

**ရုပ်သေးကြိုးဆွဲပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက မင်းသားကြိုးဆွဲရုပ်သေးရုပ်၊ မင်းသမီးကြိုးဆွဲ ရုပ်သေးရုပ်တို့ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မင်းသားကြိုးဆွဲရုပ်သေးရုပ်၊ မင်းသမီးကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့်လည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် အနုပညာရသမြောက်ဖော်ကျူးကပြ ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝါကျွတ်အခါမီ တူရာသီ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင် ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၁၀ သို့*



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားဂီတာအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်ပထမတန်း(အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ယှဉ်ပြိုင်တီးခတ်မှုကို တွေ့ရစဉ်။




အခြေခံပညာ (၁၀-၁၅) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်တီးခတ်မှုကို တွေ့ရစဉ်။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

*စာမျက်နှာ ၉ မှ*

စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဗလငါးတန် ဒို့ရည်သန်” ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသ စုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**ဂီတာအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြူပြာမူရာ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြူပြာမူရာ” (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “သီလာမြေယံ”(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သီလာမြေယံ” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇေယျာအောင်ချာ”(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “နန်းဘုံသီဟာဘွေ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေလည်တိုင်” (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ဆန်းဆန်းသဉ္ဇာကြာညောင်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကန္တာတောခြေ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မိုးသက်လေနှင်” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်ချာမြေကို” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မှိုင်းမှိုင်းမြေ” (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂန္ဓာတောချေ”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မှန်ရဝေ” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂန္ဓာတောင်” (ဘွဲ့) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။




ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး အဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်ယှဉ်ပြိုင်မှု။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အတိုင်းမသိ ဘုန်းတော်” (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ထွေထွေဆန်းဆန်း” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆဒ္ဒန်အိုင်သာ” (သီချင်းခံ)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆဒ္ဒန်အိုင်သာ” (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင် ယှဉ်ပြိုင်မှု။

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဘုရားအလောင်း ယုန်မင်းဇာတ်တော်ကြီး” ခေါင်းစဉ်ဖြင့် ဇာတ်တော်ကြီး၏အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသ ဟောပြောယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “ပညာရွှေအိုး” ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု မိုးပြည့်မြင့်မိုရ်ရုပ်စုံအဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “မဟော်သဓာ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု စစ်ကိုင်းတိုင်းဒေသကြီး မဟော်သဓာ ဇာတ်တော်ကြီးအဖွဲ့က မူရင်း မဟော်သဓာ ဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသ မြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ အတီးပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း (စောင်း၊ စန္ဒရား၊ ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ နှဲ၊ ပလွေ၊ ဆိုင်း) တို့ကို မဲကျရာ သီချင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။ အိုးစည်၊ ဒိုးပတ်နှင့် ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် ပြိုင်ပွဲများတွင် သတ်မှတ်ပြိုင်ပွဲဝင် ဦးရေအတိုင်း၊ သတ်မှတ်အချိန်ကာလအတွင်း သတ်မှတ်ထားသည့်အစီအစဉ်များအတိုင်း ပါဝင်ယှဉ်ပြိုင်ကြရသည်။ ယခုနှစ်တွင် အိုးစည်၊ ဒိုးပတ်ပြိုင်ပွဲများကို ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြပြီး ကျန်အတီးပြိုင်ပွဲများကို အဆင့်အားလုံးက ပါဝင်ယှဉ်ပြိုင်နိုင်ရန် ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှု ဓာတ်ပုံမြင်ကွင်း



■ ဝါသနာရှင် (ဒုတိယတန်း) ပတ္တလားအတီးပြိုင်ပွဲတွင် ကယားပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်၏ တီးခတ်ယှဉ်ပြိုင်မှု။




■ အခြေခံပညာ (၁၅-၂၀) အရေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



■ ဝါသနာရှင်(ဒုတိယတန်း)ရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှု။



■ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်၏ သီဆိုမှု။




■ ဝါသနာရှင် ဒုတိယတန်းအဆင့် ကွက်စိပ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်၏ ဆိုင်ငြော ယှဉ်ပြိုင်ပုံ။




■ အခြေခံပညာ (၁၀-၁၅) အမျိုးသမီး ကဗျာလွတ် အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်များ ညီညာဖြိုးဖြိုး ယှဉ်ပြိုင်ဟန်။

ဓာတ်ပုံ - ဇင်ဦး၊ ဇော်ဝိုင်း

# နိုင်ငံတော်က ဒီလိုပြိုင်ပွဲကြီးကို ကျင်းပပေးခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်တွေကို ထိန်းသိမ်း၊ ဖော်ထုတ်ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်

ဦးရဲဒွေး (ရုပ်သေးအကဲဖြတ်ပညာရှင်)

**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမအမွေအနှစ်များကို ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့်လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ ဂုဏ်သိက္ခာကို အလေးထား တန်ဖိုးထား ထိန်းသိမ်းနိုင်ရန်အတွက် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက်ရှိရာ အဆိုပါ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ပညာရှင်များနှင့်တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းခံစားချက်များကို ဖော်ထုတ်ရေးသားတင်ပြလိုက်ရပါသည်။

**ဦးရဲဒွေး(ရုပ်သေးအကဲဖြတ်ပညာရှင်)**

(၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ ရုပ်သေးရုပ်အကနဲ့ ပတ်သက်လို့ နှစ်မျိုး ပါဝင်ပါတယ်။ ရုပ်သေးကြိုးဆွဲအကနဲ့ ရုပ်စုံအဖွဲ့လိုက် ဇာတ်တော်ပြိုင်ပွဲ ဖြစ်ပါတယ်။ ရုပ်သေးကြိုးဆွဲအကမှာ ဝါသနာရှင်ပထမတန်းအဆင့်နဲ့ ဝါသနာရှင် ဒုတိယတန်းအဆင့်ဆိုပြီး ပါဝင်တယ်။ ရုပ်စုံအဖွဲ့လိုက် ဇာတ်တော်ပြိုင်ပွဲမှာ ဝါသနာရှင်ပထမတန်းအဆင့် ဖြစ်ပါတယ်။ အဲဒီအဖွဲ့နှစ်ခုလုံးကို ကြီးကြပ်တဲ့ တာဝန်ယူထားပါတယ်။ ရုပ်သေးကြိုးဆွဲအကရဲ့ စည်းမျဉ်းစည်းကမ်းတွေကတော့ ပြိုင်ပွဲဝင်တွေက ကြိုးဆွဲတဲ့အခါမှာ လက်တည်တည်ငြိမ်ငြိမ်နဲ့ အရုပ်ကို ကိုင်ထားနိုင်ရမယ်၊ ကကြိုး ကကွက် ပီပြင်ရမယ်၊ စုံလင်ရမယ်၊ အဆိုနေရာမှာ အဆိုဟန်၊ အကနေရာမှာ အကဟန်တွေက ပြည့်ပြည့်စုံစုံ၊ လှလှပပ ကြိုးဆွဲကပြနိုင်ဖို့ဆိုတဲ့ သတ်မှတ်ချက်တွေရှိပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုတဲ့ အဆို၊ အက၊ အရေး၊ အတီးအားလုံးက ပျောက်ကွယ်လုနီးပါး ဖြစ်လာတယ်။ ရုပ်သေးအက တစ်ခုတည်း မဟုတ်ပါဘူး။ မြန်မာ့သဘင်အနုပညာရပ်တွေ မျိုးစုံပါဝင်ပါတယ်။ နိုင်ငံတော်က ဒီလိုပြိုင်ပွဲကြီးကို ကျင်းပပေးခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တွေကို ထိန်းသိမ်း၊ ဖော်ထုတ်ဆောင်ရွက်ခွင့် ရရှိတဲ့အတွက် ဝမ်းသာကြပါတယ်။ ကျွန်တော်တို့ မြတ်နိုးတဲ့ ပညာရပ်တွေနဲ့ ဆောင်ရွက်ခွင့်ရနေတဲ့အတွက် အင်မတန် ပျော်ရွှင်ကြည်နူးရပါတယ်။

**ဒေါ်ခက်နွယ်အေး (အုပ်ချုပ်သူ-ကရင်ပြည်နယ်)**

ကျွန်မက ကရင်ပြည်နယ် ကိုယ်စားပြုအနေနဲ့ ကဗျာလွတ်အက အုပ်ချုပ်သူအဖြစ် တာဝန်ယူထားပါတယ်။ ကဗျာလွတ်အကမှာ ပါဝင်ယှဉ်ပြိုင်တဲ့ကလေးတွေက ကျောင်းပေါင်းစုံက ကလေးတွေဖြစ်တဲ့အတွက် တစ်နေရာတည်းမှာ စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ အခြေခံကျောင်းတွေက ဖြစ်တဲ့အတွက် ကျောင်းသင်ခန်းစာသင်ရိုး ဂီတအချိန်မှာ ကဗျာလွတ်အကကို သင်ကြားရပါတယ်။ သေသေချာချာ စနစ်တကျ လေ့ကျင့်ခဲ့ကြပါတယ်။ (၂၃) ကြိမ်မြောက်ပြိုင်ပွဲကြီးတုန်းက အကထူးချွန် ရွှေတံဆိပ်ဆုရရှိခဲ့တဲ့အတွက် ဒီနှစ်လည်း ရွှေတံဆိပ်ဆု မျှော်မှန်းထားပါတယ်။ အခြေခံအကကို သေချာနားလည်မှသာ အကပေါင်းများစွာကို စနစ်တကျကနိုင်မှာ ဖြစ်ပါတယ်။ ဝတ်စားဆင်ယင်မှုအစ အကအဆုံး မြန်မာ့ယဉ်ကျေးမှုအတွက် အများကြီး အရေးပါပါ တယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ ကဗျာလွတ်အကကို ထည့်သွင်းပေးတဲ့အတွက် ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ အနုပညာတွေကို ပြန်လည်မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အကုန်လုံး မြန်မာယဉ်ကျေးမှုအကသာမက တိုင်းရင်းသားအကတွေပါ ဖော်ပြခွင့်ရတဲ့အတွက် စည်းလုံးညီညွတ်မှုတွေ ရှိလာပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်တဲ့ အကပြိုင်ပွဲဝင်တွေက နောင်တစ်ချိန်မှာ တစ်ဦးချင်း ပြိုင်ပွဲတွေလည်း ရှိလာနိုင်ပါတယ်။ ကဗျာလွတ်အကက အခြေခံအကပညာဖြစ်တဲ့ အတွက် ဒီပြိုင်ပွဲကြီးမှာ ထည့်သွင်းပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်တာလုမေဦး**

**(အုပ်ချုပ်သူ- ရန်ကုန်တိုင်းဒေသကြီး)**

(၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ဘာသာရပ်အားလုံးကို ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေကို စက်တင်ဘာ ၂၄ ရက်မှာ စတင်စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ သက်ဆိုင်ရာ ဘာသာရပ်အလိုက် နည်းပြတွေနဲ့ အနီးကပ် ကြီးကြပ်လေ့ကျင့်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်တွေအားလုံးက ကြိုးစားပြီး အနုပညာ



ဦးရဲဒွေး



ဒေါ်ခက်နွယ်အေး



ဒေါ်တာလုမေဦး



မအေးပွင့်ဖြူ



မရွှန်းလဲ့လဝန်း



မောင်ပိုင်ဖြိုးကို



မောင်ဇင်ကိုခန့်



မချောစုပို



မောင်မောင်ကောင်းခန့်ဇွဲ

အပေါ်စိတ်ဝင်စားမှုတွေလည်း ရှိကြပါတယ်။ ဒီပြိုင်ပွဲကြီးမှာ တက်တက်ကြွကြွနဲ့ ယှဉ်ပြိုင်မှုတွေကို အားရကျေနပ်ရပါတယ်။ ရှမ်းတိုင်းရင်းသားရိုးရာအကကိုလည်း သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့အညီ ဖြစ်စေဖို့အတွက် အစစအရာရာ ပြင်ဆင်လာပါတယ်။ ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးခြင်းအားဖြင့် မျိုးဆက်သစ် အနုပညာရှင်တွေလည်း ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေဖြစ်တဲ့ အဆို၊ အက၊ အရေး၊ အတီးအားလုံးက လူငယ်တွေကြားထဲမှာ မပျောက်ပျက်အောင် ထိန်းသိမ်းပေးတဲ့ပွဲကြီးဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း အလွန်ဝမ်းသာကြည်နူးဖြစ်မိပါတယ်။

**မအေးပွင့်ဖြူ(ကရင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်မက ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းမှာ ကရင်ပြည်နယ် ကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ရုပ်သေးကြိုးဆွဲမှာဆိုရင် ဆွဲလို့ရတဲ့ ရုပ်သေးရုပ်တွေ အများကြီးရှိပါတယ်။ ရုပ်သေးရုပ်မှာဆိုရင် ဘီလူး၊ မျောက်၊ ဇော်၊ မင်းသား၊ မင်းသမီး၊ သူငယ်တော်တို့ ရှိပါတယ်။ ရုပ်သေးကြိုးဆွဲရဲ့ အခြေခံပညာက သူငယ်တော်အက ရုပ်သေးကြိုးဆွဲပဲ ဖြစ်ပါတယ်။ သူငယ်တော်အကမှ တစ်ဆင့် အပျိုတော်၊ နတ်ကတော်အရုပ်တွေကို ဆွဲရပါတယ်။ ဒီနေ့ပြိုင်ပွဲမှာတော့ မင်းသား၊ မင်းသမီး အရုပ်နဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ကျွန်မက မြန်မာမှု သဘောကျတဲ့အတွက် ရုပ်သေးပညာကို အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်မှာ တက်ရောက်တဲ့အချိန်က စတင်ပြီး သင်ကြားခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရချင်လို့ အကောင်းဆုံး ကြိုးစားထားပါတယ်။ ဒါပေမယ့် ပြိုင်ပွဲဝင်တွေအားလုံး ဗဟိုအဆင့်အထိ ရောက်လာကြတော့ အားလုံးက ကြိုးစားထားကြတဲ့အတွက် ရွှေတံဆိပ်ဆုပဲ ရချင်နေကြမှာ ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် တစ်နေရာတည်းမှာ တိုင်းရင်းသားဒေသပေါင်းစုံက ယဉ်ကျေးမှုတွေ၊ ဝတ်စားဆင်ယင်မှုတွေ ဖလှယ်ခွင့်ရပါတယ်။ ရုပ်သေးပညာတွေကို သင်ယူခွင့်နဲ့ ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ရတဲ့အတွက် မျိုးဆက်သစ်တွေရဲ့ စိတ်ဝင်စားမှုတွေ ပိုမိုရရှိစေလာမှာ ဖြစ်ပါတယ်။ ကျွန်မတို့ကလည်း အကောင်းဆုံး ကြိုးဆွဲကပြမယ်ဆိုတော့ စိတ်ဝင်စားမှုတွေက အတိုင်းထက်အလွန် ဖြစ်သွားစေပါတယ်။

**မရွှန်းလဲ့လဝန်း**

**(ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်မကတော့ ဒီနေ့မှာ ကျင်းပတဲ့ ကဗျာလွတ်အကမှာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ကဗျာလွတ်အကမှာ စုစုပေါင်း ၁၈ ယောက်ပါပါတယ်။ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားမှုတွေအောက်မှာ ပင်ပင်ပန်းပန်း ကြိုးစားသင်ယူခဲ့ပါတယ်။ အဖွဲ့လိုက် ညီညီညာညာနဲ့ အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ဒီနှစ်မှာ ပထမဆုံး ပါဝင်ယှဉ်ပြိုင်ပေမယ့် ပထမဆုမျှော်မှန်းထားပါတယ်။ ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် ကိုယ့်ရဲ့ဝါသနာတွေကို ပေါ်လွင်အောင် လုပ်ပြနိုင်တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ မောင်လေး၊ ညီမလေးတွေလည်း ဒီလိုပြိုင်ပွဲကြီးတွေကို ပါဝင်ယှဉ်ပြိုင်ကြပါ၊ ယှဉ်ပြိုင်မှု စိတ်ဓာတ်လည်း ရရှိစေပါတယ်လို့ ပြောချင်ပါတယ်။

**မောင်ပိုင်ဖြိုးကို**

**(ချင်းပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က ဒီနေ့မှာ ဝါသနာရှင်ဒုတိယန်းအဆင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင် သီချင်းတွေကတော့ လုလင်ငယ်သွေး၊ လူချွန်လူကောင်း၊ ချစ်ခြင်းတရားနဲ့ ပြည်ထောင်စု၊ ငြိမ်းချမ်းရေးပန်းခင်း၊ ဖေဖေပြောသောပုံရိပ် သီချင်းတွေပဲ ဖြစ်ပါတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးဆိုတဲ့ အတိုင်းပဲ စိတ်အားထက်သန်ပြီး မျိုးချစ်စိတ်ထက်သန်တဲ့ သီချင်းတွေဖြစ်တဲ့အတွက် တက်တက်ကြွကြွနဲ့ ယှဉ်ပြိုင်ဖို့အတွက် ပြင်ဆင်ထားပါတယ်။ လေ့ကျင့်မှုမှာတော့ အားလုံးဘက်စုံ ပြင်ဆင်ခဲ့ရပါတယ်။ ယခင်နှစ်ကနဲ့မတူဘဲ ဒီနှစ်မှာ ယှဉ်ပြိုင်သူတွေနဲ့ စိတ်ဝင်စားတဲ့သူတွေကလည်း များလာပါတယ်။ ပြိုင်ပွဲသီချင်းတွေကလည်း သီဆိုလို့ကောင်းတဲ့ သီချင်းတွေဖြစ်တဲ့အတွက် အားလုံးက တော်တော်ကြိုးစားထားကြပါတယ်။ မနှစ်ကလည်း ရွှေတံဆိပ်ဆုရရှိခဲ့အတွက် ဒီနှစ်ကိုလည်း အကောင်းဆုံး ကြိုးစားပြင်ဆင်ထားပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုရဲ့ အမွေအနှစ်တစ်ခုဖြစ်တဲ့ မဟာဂီတ ဘာသာရပ်ဆိုရင် ဒီပြိုင်ပွဲကြီးမှာ အဓိကပါဝင်သင့်တဲ့ ဘာသာရပ်တစ်ခုပဲ ဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက်ကြောင့် မဟာဂီတ ဘာသာရပ်အပြင် အခြားသော တိမ်ကောနေတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ အနုပညာရှင်တွေ အများကြီး ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

**မောင်ဇင်ကိုခန့်**

**(ချင်းပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က ချင်းပြည်နယ်ကိုယ်စားပြုမှာ ရုပ်သေးကြိုးဆွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်နဲ့ အဆင့်မြင့်ပညာ အကပြိုင်ပွဲတို့ကို ပါဝင်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ဒီနေ့ရုပ်သေးကြိုးဆွဲ ဝါသနာရှင်အဆင့်ဆိုရင် ပြိုင်ပွဲဝင်အားလုံးက မင်းသားရုပ်နဲ့ မင်းသမီးရုပ် နှစ်မျိုးလုံးကို ကြိုးဆွဲယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပထမဆုံးအနေနဲ့ ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီရုပ်သေးပညာကို ယဉ်ကျေးမှုတက္ကသိုလ်စတက်တဲ့ အချိန်မှာ စတင်သင်ကြားခဲ့တာ ဖြစ်ပါတယ်။ ဆုတံဆိပ်နဲ့ ပတ်သက်လို့ကတော့ ပြိုင်ပွဲဝင်အားလုံးက ရွှေတံဆိပ်ပဲ မျှော်မှန်းကြတာပဲ ဖြစ်ပါတယ်။ ကျွန်တော်လည်း လိုချင်တာကတော့ ရွှေတံဆိပ်ဆုပဲ ဖြစ်ပါတယ်။ ရုပ်သေးပညာဟာဆိုရင် ပျောက်ကွယ်လုနီးပါးဖြစ်နေပါပြီ။ ဒီလိုပြိုင်ပွဲကြီးမှာ ရုပ်သေးပညာရပ် ထည့်သွင်းကျင်းပတဲ့အတွက် မျိုးဆက်သစ်တွေက အမွေအနှစ်တစ်ခုကို ထိန်းသိမ်းသလိုဖြစ်သွားပါတယ်။ ဒီအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အတွက်သာမက ကျွန်တော်တို့အတွက်လည်း အကျိုးကျေးဇူးတွေ အများကြီးရရှိစေပါတယ်။

**မချောစုပို**

**(စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်မက စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုနဲ့ ရှမ်းတိုင်းရင်းသားရိုးရာအက အလွတ်တန်းကို ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ တိုင်းရင်းသား ရှစ်မျိုးထဲမှာ မနှစ်က မွန်အကနဲ့ယှဉ်ပြိုင်ပြီး ဒီနှစ်မှာတော့ ရှမ်းတိုင်းရင်းသားရိုးရာအက ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ တစ်နှစ်ကို တိုင်းရင်းသားအကတစ်မျိုးစီ စီစဉ်ပေးတဲ့အတွက် တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုကို ရရှိစေမယ်လို့ ထင်ပါတယ်။

**မောင်မောင်ကောင်းခန့်ဇွဲ**

**(ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က အခြေခံပညာ ၁၀နှစ်မှ ၁၅ နှစ်အတွင်း ဂီတာအတီးပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်က ဂီတာအတီးကို ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အဘိုးက ဂီတာပညာရှင်ဖြစ်တဲ့အတွက် အဘိုးရဲ့ အမွေကို ဆက်ခံချင်လို့ အဘိုးဆီက သင်ယူခဲ့တာဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲမှာ ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။

**တွေ့ဆုံမေးမြန်း**

**အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ-အောင်သန့်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၇ ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် China Foundation for Rural Development (CFRD) မှ Panda Pack(မေတ္တာအိတ်ထုပ်)များ လှူဒါန်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း ၂၇ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၇၀၉ ဦးတို့အတွက် Panda Pack(မေတ္တာအိတ်ထုပ်) များ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်း က နေပြည်တော် ပျဉ်းမနားမြို့နယ် ရတနာမုန် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် China Foundation for Rural Development(CFRD)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရထံမှ ဩဝါဒ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကျောင်းသားတစ်ဦးအား Panda Pack (မေတ္တာအိတ်ထုပ်) ပေးအပ်စဉ်။

### အကျိုးကျေးဇူးများစွာရရှိ

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၇ ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၇၀၉ ဦး၏ ပညာရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ နေထိုင်မှုအခြေအနေကို မြှင့်တင်ရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းရန်၊ ပြည်သူအချင်းချင်း ဆက်သွယ်မှု ခိုင်မာစေရန်ဆိုသည့် ကောင်းမွန်သော ရည်ရွယ်ချက်များနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး၊ ကျောင်းသုံးပစ္စည်းနှင့် အခြားအသုံးအဆောင်ပစ္စည်း အမျိုးအစား ၂၁ မျိုး၊ အရေအတွက် ၈၂ ခုပါဝင်သည့် Panda Pack(မေတ္တာအိတ်ထုပ်) ကျောပိုးအိတ် ၄၇၀၉ အိတ်ကို တရုတ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (China Foundation For Rural Development – CFRD)၏ မြန်မာနိုင်ငံဆိုင်ရာ ရုံးက လှူဒါန်းသည့် အခမ်းအနားဖြစ်၍ ကျောင်းသားလူငယ်များအတွက် အကျိုးကျေးဇူးများစွာ ရရှိစေသည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း လျှောက်ထားသည်။

### မေတ္တာအိတ်ထုပ် ၅၀၀၀၀၀ နီးပါးကို ထောက်ပံ့

ယင်းနောက် Chin Foundation for Rural Development(CFRD)မှ Country Director Ms.Lin Yuan က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ Panda Pack (မေတ္တာအိတ်ထုပ်) စီမံချက်ကို အကောင်အထည်ဖော်ခြင်းသည် တရုတ်လူမျိုးတို့၏ ခင်မင်ရင်းနှီးမှု စိတ်ဓာတ်ကို ဆက်လက်ဖော်ဆောင်ပြီး တရုတ်–မြန်မာလူမျိုးများကြား ပိုမိုနီးကပ်သောဆက်ဆံရေးကို တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်မှု ဖြစ်ပါကြောင်း၊ ယခုအမှတ်တံဆိပ်ဖြစ်သော Panda Pack (မေတ္တာအိတ်ထုပ်) စီမံကိန်းကို ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ပထမဆုံး စတင်လုပ်ဆောင်ခဲ့ပြီး မိတ်ဆက်ခဲ့ပါကြောင်း၊ ယခုအချိန်ထိ CFRD မြန်မာနိုင်ငံရုံးသည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် မေတ္တာအိတ်ထုပ် ၅၀၀၀၀၀ နီးပါးကို ထောက်ပံ့ လှူဒါန်းထားပြီး ကျောင်းသား ကျောင်းသူ နှင့် မိသားစုပေါင်း ၅၀၀၀၀၀ နီးပါးကို အကျိုးခံစားခွင့် ရရှိစေခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ကျောင်းသား ကျောင်းသူများကို Panda Pack (မေတ္တာအိတ်ထုပ်)များ ပေးအပ်သည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက China Foundation for Rural Development (CFRD)မှ Country Director Ms.Lin Yuan အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိဿရိယက အနုမောဒနာ တရားမိန့်ကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်များက ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒက္ခိဏသီရိမြို့နယ်လုံးဆိုင်ရာ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသော ဒက္ခိဏသီရိမြို့နယ်လုံးဆိုင်ရာ သတ္တမအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ကျေးရွာအုပ်စု တပ်ပိုးကျေးရွာ ရန်အောင်မြင် ထန်းတောကျောင်းတိုက်၌ ကျင်းပသည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ထန်းတောကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလ မထေရ်မြတ်နှင့် ပင့်သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ထန်းတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလ မထေရ်မြတ်ထံမှ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အမှူးပြုသော ဩဝါဒ်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကိုနာယူကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရန်အောင်မြင်ထန်းတော ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိမလမထေရ်မြတ်ထံ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် ၁၈ ဆူနှင့် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ အမှူးပြုသော ဩဝါဒ်ပရိသတ်များက ရန်အောင်မြင် ထန်းတောကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလ မထေရ်မြတ်ထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ မထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိ မြို့နယ် ရန်အောင်မြင်ကျေးရွာ အုန်းတော ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် Irrawaddy Green Towers Ltd တို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ကြက်ခြေနီတပ်ဖွဲ့ဝင်များ အတွက် ကြက်ခြေနီတပ်ဖွဲ့ဝတ်စုံများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။



### ကြည့်ရှုစစ်ဆေး

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ရွှေမင်းအေး ကုမ္ပဏီက ဆောင်ရွက်သည့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ကျေးရွာအုပ်စု ပေါက်တောကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် Top Strength Nay Pyi Taw ကုမ္ပဏီက ဆောင်ရွက်သည့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ အုပ်စု ပေါက်တောရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ Box Culvert တစ်စင်း ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရန်ကုန် – မန္တလေး ကားလမ်း ဟောင်းပေါ်ရှိ ဆင်သေချောင်း တံတား(ကျောက်ချက်) (ပေ ၂၁၀) (၄)လမ်းသွား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ ဇမ္ဗူသီရိမြို့နယ်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်နေသည့် ဘူးကွဲချောင်း (ရာဇသင်္ဂဟလမ်းနှင့် ဧရာဝတီလမ်းထောင့်) မြေထိန်း ကျောက်စီမြောင်း ဆောင်ရွက်နေမှု၊ ရာဇသင်္ဂဟလမ်းဘေး မြေယာရှုခင်း ဆောင်ရွက်နေမှုနှင့် ဘူးကွဲချောင်း (ရာဇသင်္ဂဟလမ်းနှင့် ပိတောက်လမ်းထောင့်)မြေထိန်းကျောက်စီမြောင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျားလျှင်ဂရုစိုက်သင့်ပြီး ရက်ရှည်လျှင် လုံးဝမပေါ့ဆသင့်တဲ့ သွေးလွန်တုပ်ကွေးရောဂါ

*လင်းလက်ကြယ်*

**သွေးလွန်တုပ်ကွေးရောဂါဆိုတာ ခြင်မှတစ်ဆင့်ကူးစက်တဲ့ ဗိုင်းရပ်စ်ရောဂါတွေအနက် အဖြစ်များတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ လူတစ်ဦးမှတစ်ဦးကို ရောဂါပိုးရှိတဲ့ အေးဒီးစ်ခြင်ကိုက်ခြင်းမှ ကူးစက်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဟာ ရာသီတုပ်ကွေးရောဂါလက္ခဏာနဲ့ ဆင်တူလေ့ရှိသော်လည်း ရက်ရှည်လာပါက သွေးလွန်တုပ်ကွေးရောဂါလက္ခဏာ သိသိသာသာပြသလာနိုင်ပါတယ်။**

**လူကြီးတွေမှာလည်း ကူးစက်ဖြစ်ပွားနိုင်**

သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုဟာ ကလေးငယ်တွေမှာ အဖြစ်များပြီး လူကြီးတွေမှာလည်း ကူးစက်ဖြစ်ပွားနိုင်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာပါက ကိုယ်ပူကြီးခြင်း၊ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိမျက်ရိုးကိုက်ခြင်း၊ အဆစ်အမျက်ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ အနီစက်များထွက်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အော့အန်ခြင်းနဲ့ နုံးချည့်အားနည်းခြင်းစတဲ့ ရောဂါလက္ခဏာတွေ ပြတတ်ပါတယ်။

**ကူးစက်ဖြစ်ပွားမှု အလွန်မြင့်တက်နေ**

မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုရင် ယခုနှစ်အတွင်းမှာ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု အလွန်မြင့်တက်နေတာ တွေ့ရတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ယခုနှစ်အတွင်းမှာ သွေးလွန်တုပ်ကွေးရောဂါကြောင့်အသေအပျောက်အများဆုံး ရောဂါဖြစ်ပွားမှုနဲ့ ရင်ဆိုင်နေရတာလည်း ဖြစ်ပါတယ်။



ဗီယက်နမ်နိုင်ငံ၌ ကလေးငယ်တစ်ဦးအား သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်။

**သေဆုံးသူအရေအတွက်မှာ ၁၂၄၆ ဦးအထိရှိလာ**

ယခုနှစ် အောက်တိုဘာ ၂၁ ရက်အထိ ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဝန်ဆောင်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်) ရဲ့ ထုတ်ပြန်ချက်အရ သွေးလွန်တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူရသူ အရေအတွက်ဟာ ၂၅၂၉၉၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူအရေအတွက်မှာလည်း ၁၂၄၆ ဦးအထိ ရှိလာတယ်လို့ သိရပါတယ်။

**ယခင်နှစ်ကသေဆုံးသူ အရေအတွက်ကို ကျော်လွန်**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ယခင်နှစ်တွေကလိုပင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို နွေရာသီ (ဧပြီ-မေ) မှ စတင်ဖြစ်ပွားခဲ့ပြီး မုတ်သုံရာသီ (ဇူလိုင်-ဩဂုတ်) အကြားမှာ တစ်နိုင်ငံလုံးကူးစက်ပျံ့နှံ့ဖြစ်ပွားမှု မြင့်တက်လာခဲ့ပါတယ်။

ဩဂုတ် ၃ ရက်မှာ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာ ယခင်နှစ်က သေဆုံးသူအရေအတွက်ကို ကျော်လွန်ခဲ့တယ်။ ဒါ့အပြင် ဩဂုတ် ၂၁ ရက်မှာ ၂၀၁၉ ခုနှစ်က စံချိန်တင်ဆေးရုံတက်ရောက်ကုသမှုခံယူသူအရေအတွက်ကို ကျော်လွန်ခဲ့တယ်။ ဇူလိုင် ၂၅ ရက်မှာ နိုင်ငံအတွင်းရှိ ခရိုင်အားလုံးမှာ သွေးလွန်တုပ်ကွေးရောဂါကြောင့် ဆေးရုံတင်ထားရကြောင်း အစီရင်ခံဖော်ပြလာပါတယ်။

**အဆိုးရွားဆုံးအခြေအနေ**

နိုင်ငံရဲ့မြို့တော် ဒါကာကတော့ ရောဂါကူးစက်ဖြစ်ပွားမှု ထက်ဝက်ကျော်ရှိတဲ့အတွက် အဆိုးရွားဆုံးအခြေအနေမှာ ရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်ရာသီမှာ DENV-2 နဲ့ DENV-3 မျိုးကွဲများကို ကူးစက်ခံနေရခြင်းဖြစ်ကြောင်း ကူးစက်ရောဂါထိန်းချုပ်ရေးနဲ့ သုတေသနအင်စတီကျု (အိုင်အီးဒီစီအာရ်)က ဇွန်လအတွင်းမှာ အစီရင်ခံ ဖော်ပြထားပါတယ်။ အဲဒီ မျိုးကွဲနှစ်မျိုးက ကူးစက်မှုနဲ့ သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်းလည်း ဖော်ပြထားပါတယ်။

**ပြန်လည်သက်သာလာသူ ၂၄၃၆၃၀ ရှိ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါသံသယရှိသူ အရေအတွက်မှာ ၇၅၀၀၀၀ ရှိကြောင်း၊ ဆေးရုံတက်ရောက် ကုသမှုခံယူသူအရေအတွက်မှာ ၂၅၂၉၉၀ ရှိကြောင်းနဲ့ ရောဂါဖြစ်ပွားမှုမှ ပြန်လည်သက်သာလာသူ ၂၄၃၆၃၀ ရှိကြောင်း သိရပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာ ဆိုရင်လည်း သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များတာ တွေ့ရတယ်။ ယခုနှစ်အစပိုင်းမှစတင်ကာ အောက်တိုဘာ ၁၇ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၉၉၆၃၉ ဦးအထိ ရှိလာကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနရဲ့ အဆိုအရ သိရပါတယ်။

**သေဆုံးသူ ၂၇ ဦးအထိရှိ**

ဒါ့အပြင် အဲဒီရောဂါကြောင့် သေဆုံးသူအရေအတွက်မှာလည်း ၂၇ ဦးအထိ ရှိလာပါတယ်။ ဗီယက်နမ်နိုင်ငံ၌ ရောဂါကူးစက်ဖြစ်ပွားမှု တစ်ပတ်ထက်တစ်ပတ်ကျဆင်းလာပေမယ့် နိုင်ငံရဲ့မြို့တော်ဟန္နိုင်းမှာတော့ ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက်မှာ ကျဆင်းတဲ့ အရိပ်အယောင်မတွေ့ရသေးပါဘူး။

ယခုနှစ် စက်တင်ဘာလကုန်နောက်ပိုင်းကတည်းက ဟန္နိုင်းမြို့မှာ ရောဂါဖြစ်ပွားကူးစက်မှုနှုန်းမှာ လျင်မြန်စွာမြင့်တက်လာကြောင်း၊ သီတင်းတစ်ပတ်လျှင် ရောဂါဖြစ်ပွားသူ ၂၅၀၀-၂၆၀၀ ဝန်းကျင်ရှိပြီး စက်တင်ဘာလပထမသီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁ ဒသမ ၅ ဆ မြင့်တက်လာကြောင်း သိရပါတယ်။

**သုံးဆမြင့်တက်လာ**

ယခုနှစ်အစောပိုင်းမှ စတင်ကာ မြို့တော်ဟန္နိုင်းမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၀၅၄၈ ဦးရှိပြီး ပြီးခဲ့တဲ့ အလားတူကာလနဲ့ နှိုင်းယှဉ်ပါက သုံးဆမြင့်တက်လာတယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ အကျယ်တဝင့် ဖော်ပြထားတာ တွေ့ရပါတယ်။

**လာအိုနိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၈ ဦးရှိ**

အာဆီယံဒေသတွင်း နောက်ထပ်တစ်နိုင်ငံဖြစ်တဲ့ လာအိုနိုင်ငံကိုကြည့်ရင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၈ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါကြောင့် နောက်ဆုံးသေဆုံးသူဟာ အသက်ခုနစ်နှစ်အရွယ်ကလေးငယ်တစ်ဦး ဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောပါတယ်။ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ ၃၀၈၅၃ ဦးအထိရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နဲ့ ပညာရေးစင်တာရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအမြင့်ဆုံးအရေအတွက်မှာ အော့ဒွန်ဇေပြည်နယ်မှဖြစ်ပြီး လူပေါင်း ၅၂၉၃ ဦးရှိကြောင်း အဲဒီထုတ်ပြန်ချက်အရ သိရပါတယ်။ အဲဒီနောက်မှာ လာအိုနိုင်ငံရဲ့ မြို့တော် ဗီယင်ကျန်းက အများဆုံးဖြစ်ပြီး လူပေါင်း ၄၆၂၁ ဦး ရှိပါတယ်။ ၎င်းနောက်မှာ ခမ်မူအန်းပြည်နယ်က အများဆုံးဖြစ်ပြီး လူပေါင်း ၃၇၄၂ ဦး ရှိပါတယ်။

**ကာကွယ်ရေးစံနှုန်းတွေကိုလိုက်နာသင့်**

မုတ်သုံရာသီကုန်ဆုံးရန် နီးကပ်လာသော်လည်း နေ့စဉ်နဲ့အမျှ ရောဂါကူးစက်ဖြစ်ပွားသူ မြင့်တက်နေတဲ့အတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးစံနှုန်းတွေကို ဆက်လက်လိုက်နာသင့်ကြောင်း ကျန်းမာရေးတာဝန်ရှိသူတွေက ပြောကြားထားပါတယ်။

**အကောင်းဆုံးကာကွယ်နည်း**

ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုထိရောက်တဲ့နည်းလမ်းဖြစ်တာကြောင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေးအတွက် ခြင်ကိုက်မခံရအောင် နေထိုင်ခြင်းမှာ အကောင်းဆုံးကာကွယ်နည်းဖြစ်ပါကြောင်းနဲ့ သွေးလွန်တုပ်ကွေးရောဂါဟာ အသက်အန္တရာယ်ရှိတဲ့အတွက် သွေးလွန်တုပ်ကွေးသံသယရှိပါက လူကြီးလူငယ်မရွေး ဆေးရုံဆေးခန်းတွေကို ချက်ချင်းသွားရောက်ပြသသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ကိုးကား- အင်တာနက်**

- မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုရင် ယခုနှစ်အတွင်းမှာ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု အလွန်မြင့်တက်နေတာတွေ့ရတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ယခုနှစ်အတွင်းမှာ သွေးလွန်တုပ်ကွေးရောဂါကြောင့် အသေအပျောက်အများဆုံး ရောဂါဖြစ်ပွားမှုနဲ့ ရင်ဆိုင်နေရတာ တွေ့ရပါတယ်
- မုတ်သုံရာသီကုန်ဆုံးရန် နီးကပ်လာသော်လည်း နေ့စဉ်နဲ့အမျှ ရောဂါကူးစက်ဖြစ်ပွားသူ မြင့်တက်နေတဲ့အတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးစံနှုန်းတွေကို ဆက်လက်လိုက်နာသင့်

# အခွန်အယူခံခုံအဖွဲ့၏ သုံးနှစ်တာခရီးစဉ် ပုံရိပ်လွှာများ

ဒေါက်တာအိလှိုင်းသက်ဇာ

**စာရေးသူသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ "အခွန်ထမ်းပြည်သူများ သိထားသင့်သော အခွန်အယူခံခုံအဖွဲ့အကြောင်း" ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သည့် အခွန်အယူခံခုံအဖွဲ့ရုံး၏ နှစ်နှစ်ပြည့် အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဤဆောင်းပါးတွင် အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေများနှင့် အခွန်အယူခံခုံအဖွဲ့၏ ကြိုးပမ်းမှုများ၊ အမှုများတင်သွင်းလျှောက်ထားခြင်းနှင့် အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ချက်များကို ဆက်လက်ရေးသားတင်ပြလိုပါသည်။**

### သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ၃၀-၃-၂၀၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၈/၂၀၂၃ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ အလားတူ ယခင်နှစ်များကလည်း သက်ဆိုင်ရာနှစ်အလိုက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများကို ပြဋ္ဌာန်း၍ နိုင်ငံတော်၏ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ တိုးမြှင့်ရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ နိုင်ငံသားနှင့် အခွန်ထမ်းများက တင်ပြလျှောက်ထားလာသော ၎င်းတို့၏ နစ်နာမှုများကို ကြားနာစစ်ဆေးစီရင်နိုင်ရန် အခွန်အယူခံခုံအဖွဲ့ကို သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ၂၀၂၀ ပြည့်နှစ် ဖွန်လ ၂၂ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် သုံးနှစ်ကျော်ကာလတိုင်ခဲ့ပြီ ဖြစ်ပေသည်။

ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အခွန်အယူခံခုံအဖွဲ့ မပေါ်ပေါက်မီက အမိန့်ကြော်ငြာစာများဖြင့် ဖွဲ့စည်းသည့် အခွန်အယူခံခုံအဖွဲ့များက ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့၏ အခွန်အကောက်ဆိုင်ရာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများအပေါ် အစဉ်အဆက် စီရင်ဆုံးဖြတ်ခဲ့ရာမှ **၂၀၀၄ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသော အခွန်တော်များအတွက် မကျေနပ်ချက်များရှိပါက အယူခံနိုင်ရန် အခွန်အယူခံရုံးရှိသင့်ကြောင်းနှင့် "အခွန်အယူခံခြင်း" နှင့်စပ်လျဉ်း၍ ဥပဒေပြုရန် လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ကို ရည်ညွှန်းလျက် ပြည်ထောင်စုဥပဒေပြုစာရင်း ဇယား ၁၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဍ) တွင် အခွန်အယူခံခြင်းဟု ထည့်သွင်းပြဋ္ဌာန်းထားခဲ့ကြောင်း တွေ့ရှိရပါသည်။**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အသုံးစရိတ်များ သုံးစွဲရာတွင် အဓိကအားဖြင့် အခွန်အကောက်ရငွေများမှ သုံးစွဲရပါသည်။ သို့ဖြစ်ရာ ရသင့်ရထိုက်သည့် အခွန်အကောက်ရငွေများ တိုးမြှင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံသားနှင့် အခွန်ထမ်းများက ဥပဒေအရပေးဆောင်ကြရမည့် အခွန်များကို ပေးဆောင်ရာတွင် တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးရရှိစေရန်၊ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ ယင်းလိုအပ်ချက်ကို အခွန်အယူခံခုံအဖွဲ့က အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေများနှင့်အညီ ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါသည်။

### ကြီးမားသောလုပ်ငန်းတာဝန်များ

သို့ဖြစ်၍ အခွန်အယူခံခုံအဖွဲ့သည် ဖွဲ့စည်းမှုပမာဏအားဖြင့် သေးငယ်သောအဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်သော်ငြား နိုင်ငံတော်၏ အခွန်ကောက်ခံမှုစနစ်သည် ဥပဒေနှင့်အညီ စွမ်းဆောင်မှုမြင့်မားသော အခွန်စီမံခန့်ခွဲမှုဖြစ်စေရေးနှင့် ယင်းအခွန်စီမံခန့်ခွဲမှုအပေါ် နိုင်ငံသားနှင့် အခွန်ထမ်းများက နားလည်လက်ခံမှုရှိစေရေးတို့အတွက် မှန်ကန်မျှတစွာ ဆောင်ရွက်ပေးရသည့် ကြီးမားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသော သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်လျက် ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့ဥပဒေအရ ခုံအဖွဲ့သို့ တင်ပြလျှောက်ထားနိုင်သော အမှုအမျိုးအစားများမှာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုတို့ ဖြစ်ကြပါသည်။ ယင်းအမှုများအနက် အယူခံမှု၊ ပြင်ဆင်မှုနှင့် ပြန်လည်သုံးသပ်မှုများကို ခုံအဖွဲ့က ဥပဒေနှင့်အညီ လွတ်လပ်စွာ ကြားနာစစ်ဆေးစီရင်နိုင်ပါသည်။

အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို ခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားကြရာတွင် လျှောက်ထားသူ သို့မဟုတ် ၎င်း၏ အခွင့်ရကိုယ်စားလှယ် သို့မဟုတ် လျှောက်ထားသူ၏ ရှေ့နေက အခွန်အယူခံခုံအဖွဲ့ရုံး၊ မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားချက်များတွင် ရုံးခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ရပါသည်။ အယူခံမှုလျှောက်ထားချက် သတ်မှတ်ပုံစံကို အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ နောက်ဆက်တွဲပုံစံ အခယ-၁နှင့် ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှုလျှောက်ထားချက် သတ်မှတ်ပုံစံကို အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ နောက်ဆက်တွဲပုံစံ အခယ-၂ တို့တွင် ဖော်ပြထားပါသည်။ လွှဲအပ်မှု လျှောက်ထားချက် သတ်မှတ်ပုံစံကို အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ နောက်ဆက်တွဲပုံစံ အခယ-၃ တွင် ဖော်ပြထားပါသည်။


နေပြည်တော်ရှိ အခွန်အယူခံခုံအဖွဲ့ရုံးအဆောက်အအုံ။

### သတိပြုသင့်သည့်အချက်

အခွန်အယူခံခုံအဖွဲ့သို့ အမှုများ တင်သွင်းလျှောက်ထားသည့်အခါ သတိပြုသင့်သည့်အချက်မှာ သက်ဆိုင်ရာအမှုအတွက် သတ်မှတ်ထားသော စည်းကမ်းသတ်ကာလအတွင်း လျှောက်ထားကြရန် လိုအပ်ခြင်းဖြစ်ပါသည်။ စည်းကမ်းသတ်ကာလ ကျော်လွန်ပြီးမှ တင်ပြသော လျှောက်ထားချက်များအတွက် သက်ဆိုင်ရာခုံအဖွဲ့က လက်ခံနိုင်မည့် လုံလောက်သော အကြောင်းပြချက်များ တင်ပြရမည် ဖြစ်ပါသည်။

**အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၆၂ အရ အယူခံမှု လျှောက်ထားရာတွင် စည်းကမ်းသတ်ကာလ ကျော်လွန်ခြင်းအတွက် ခုံအဖွဲ့က ရက်ပေါင်း တစ်ရာ့နှစ်ဆယ်ထက်မပိုသော ကာလအထိသာ အယူခံရက်ကို တိုးမြှင့်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို သတိပြုကြစေရန် တင်ပြလိုပါသည်။ ဆိုလိုသည်မှာ အယူခံမှုတင်သွင်းရာတွင် စည်းကမ်းသတ်ကာလ ကျော်လွန်ရခြင်းအတွက် မည်မျှခိုင်လုံသော အကြောင်းပြချက်များ တင်ပြနိုင်စေကာမူ သက်ဆိုင်ရာခုံအဖွဲ့အနေဖြင့် ရက်ပေါင်း တစ်ရာ့နှစ်ဆယ်ထက် ကျော်လွန်၍ ခွင့်မပြုရန် နည်းဥပဒေဖြင့် ကန့်သတ်ထားခြင်းဖြစ်သည်။** ယင်းအချက်နှင့်စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့၏ ၂၆-၉-၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက် အမှတ် ၁/၂၀၂၃ ဖြင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် အမှုတွင်အထောက်အထားပြုလိုသည့်စာရွက်စာတမ်းများကို မိမိတို့၏လျှောက်ထားချက်၊ ချေလွှာများနှင့်အတူ ပူးတွဲတင်သွင်းရမည် ဖြစ်ပါသည်။

### အမှုများတင်သွင်းကြရာတွင်

အခွန်အယူခံခုံအဖွဲ့သို့ အမှုများတင်သွင်းကြရာတွင် အမှုသည်တစ်ဦးဦး၏ကိုယ်စား အမှုတွင် ဆောင်ရွက်ပေးရန် အခွင့်ရကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ တရားဝင်ကိုယ်စားလှယ်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လွဲမှားမှုများ ရှိခဲ့ကြပါသည်။ အခွင့်ရကိုယ်စားလှယ်ဆိုသည်မှာ လျှောက်ထားသူကိုယ်စား အမှုတွင် ဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲအပ်စာရရှိထားသူဖြစ်ပြီး တရားဝင်ကိုယ်စားလှယ်ဆိုသည်မှာ အခွန်ဆိုင်ရာ အမှုတွင် ကွယ်လွန်သူ အမှုသည်တစ်ဦးဦး၏ ကျန်ရစ်သော လုပ်ငန်း သို့မဟုတ် ပစ္စည်းအတွက် ဝင်ရောက်ဆောင်ရွက်ခွင့်ရှိသူ သို့မဟုတ် ဥပဒေအရ ဆက်ခံပိုင်ခွင့်ရှိသူ ဖြစ်ပါသည်။ ဆိုလိုသည်မှာ အခွင့်ရကိုယ်စားလှယ်ဆိုသည်မှာ သက်ရှိထင်ရှားရှိသူ အမှုသည်၏ကိုယ်စား ဆောင်ရွက်ရန် အခွင့်ရရှိသူဖြစ်ပြီး တရားဝင်ကိုယ်စားလှယ်ဆိုသည်မှာ ကွယ်လွန်သွားသည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ၏ လုပ်ငန်းကိစ္စများကို ဆက်ခံဆောင်ရွက်ခွင့်ရှိသူ ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (ဇ)တွင် တရားဝင်ကိုယ်စားလှယ်ကို လည်းကောင်း၊ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (ဈ)တွင် အခွင့်ရကိုယ်စားလှယ်ကို လည်းကောင်း အသီးသီး အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

### ပြင်ဆင်လိုခြင်းနှင့် စပ်လျဉ်း၍

အခွန်အယူခံခုံအဖွဲ့သို့ အမှုများ တင်သွင်းကြသည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူတို့သည် မိမိသဘောအလျောက် လျှောက်ထားချက်နှင့် ချေလွှာတို့ကို ပြင်ဆင်လိုခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အချက်များကို ပြင်ဆင်၍ မည်သည်တို့ကို မပြင်ကြောင်း ချက်ချင်းသိမြင်နိုင်ရန် ပြင်ဆင်လျှောက်ထားချက်နှင့် ပြင်ဆင်ချေလွှာတို့၏ ဆိုင်ရာအပိုဒ်များတွင် ပြင်ဆင်ချက်များကို မင်နီသား၍ ဖော်ပြရမည်။ သို့ရာတွင် အမှု၏ မူလအတွင်းသရုပ်ကို ပြောင်းလဲအောင် ပြင်ဆင်ခွင့် ရှိမည်မဟုတ်ပေ။ လျှောက်ထားချက် တင်သွင်းပြီးသည့်နောက် အချက်အလက် တစ်စုံတစ်ရာ ထပ်မံဖြည့်စွက်တင်ပြလိုပါက အမှုကြားနာရန် ကြိုတင်သတိပေးအမှုခေါ်စာရင်း မထုတ်ပြန်မီ အခွန်အယူခံခုံအဖွဲ့သို့ အချိန်မီ တင်ပြကြရန်လည်း လိုအပ်ပါသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့၏ ၁၇-၃-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

**အခွန်အယူခံခုံအဖွဲ့သို့ အမှုများ တင်သွင်းကြရာတွင် အချို့သော လျှောက်ထားသူများအနေဖြင့် ခုံအဖွဲ့သို့ တင်ပြလျှောက်ထားနိုင်သော အမှုအမျိုးအစား လေးမျိုးနှင့်စပ်လျဉ်း၍ မှားယွင်းယူဆချက်များ ရှိခဲ့ကြပါသည်။ ယင်းမှာ ခုံအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့သော အယူခံမှု အောင်မြင်မှု မရလျှင် ပြင်ဆင်မှုလျှောက်ရန်၊ ပြင်ဆင်မှု အောင်မြင်မှုမရလျှင် ပြန်လည်သုံးသပ်မှုလျှောက်ရန်၊ လွှဲအပ်မှုလျှောက်ရန် စသည်ဖြင့် အဆင့်ဆင့်တင်ပြ လျှောက်ထားနိုင်သည်ဟု ထင်မှတ်မှားခြင်း ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့် နည်းဥပဒေများတွင် ထိုကဲ့သို့ အခွင့်အရေးတစ်ရပ်အဖြစ် အဆင့်ဆင့် တင်ပြလျှောက်ထားခွင့်ရှိကြောင်း ပြဋ္ဌာန်းခွင့်ပြုထားခြင်းမရှိသည်ကို လေ့လာသိရှိနိုင်ပါသည်။**

အမှုများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနိုင်သော်လည်း အမှုအမျိုးအစားတစ်ခုချင်းစီအတွက် သတ်မှတ် ဖော်ပြချက်များအနေဖြင့် ကွဲပြားခြားနားပါသည်။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ)တွင် အယူခံမှုကိုလည်းကောင်း၊ ပုဒ်မခွဲ (ဎ) တွင် ပြင်ဆင်မှုကိုလည်းကောင်း၊ ပုဒ်မခွဲ (ဍ) တွင် ပြန်လည်သုံးသပ်မှုကိုလည်းကောင်း၊ ပုဒ်မခွဲ (ဃ) တွင် လွှဲအပ်မှုကိုလည်းကောင်း သီးခြားစီ အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြထားပါသည်။ သို့ဖြစ်၍ လျှောက်ထားသူများအနေဖြင့် မိမိတို့နစ်နာကြောင်း တင်ပြလိုသည့်ကိစ္စရပ်များကို အဆိုပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြလျှောက်ထားကြရန် ဖြစ်ပါသည်။

**အယူခံမှု** သည် အခွန်ဆိုင်ရာ ဌာန/အဖွဲ့အစည်းတစ်ခုခု၏ ဆုံးဖြတ်ချက်/အမိန့်အပေါ် ကျေနပ်မှုမရှိသဖြင့် ခုံအဖွဲ့သို့ အယူခံတင်သွင်းလျှောက်ထားသည့် အမှုဖြစ်ပြီး **ပြန်လည်သုံးသပ်မှု** သည် ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်၊ အမိန့်ကို ပြန်လည်သုံးသပ်ပေးရန် ခုံအဖွဲ့သို့ပင် ပြန်လည် တင်သွင်းလျှောက်ထားသည့်အမှု ဖြစ်ပါသည်။

**ပြင်ဆင်မှု** သည် ခုံအဖွဲ့က ချမှတ်သည့်အမိန့်တွင် အမှုအကြောင်းခြင်းရာ (Issues of Fact) နှင့် စပ်လျဉ်း၍ ပြန်လည်စိစစ်ပေးပါရန် ခုံအဖွဲ့သို့ တင်ပြလျှောက်ထားမှုဖြစ်ပြီး **လွှဲအပ်မှု**သည် ခုံအဖွဲ့သို့ တင်သွင်းလာသည့်အမှုတွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စ (Issues of Law) နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့သည့်အမှု ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့က အမှုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်တွင် လျှောက်ထားသူသာ လာရောက်ပြီး

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

လျှောက်ထားခံရသူ မလာရောက်ပါက အခွန်အယူခံခုံအဖွဲ့သည် ဆင့်စာ အတည်ဖြစ်မဖြစ် စိစစ်၍ ဆင့်စာအတည်ဖြစ်ပါက အမှုကို တစ်ဖက်သတ် ကြားနာစစ်ဆေးနိုင်ကြောင်း အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၃၀ တွင် ပြဋ္ဌာန်းထားပါသည်။ လျှောက်ထားသူသည် အမှုကြားနာရန် ချိန်းဆိုသည့်နေ့တွင် လာရောက်ရန် ပျက်ကွက်လျှင် အမှုကို ပလပ်ခံရနိုင်ကြောင်း အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၃၂ တွင် ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် အခွန်အယူခံခုံအဖွဲ့က ချိန်းဆိုသည့်နေ့ရက်တွင် အမှုသည်များကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များ သို့မဟုတ် အကျိုးဆောင်ရှေ့နေများ အနေဖြင့် မပျက်မကွက် လာရောက်ရန် လိုအပ်ပါသည်။

**ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်သော်လည်း**

အခွန်အယူခံခုံအဖွဲ့သည် အမှုများကို ကြားနာစစ်ဆေးစီရင်ရာတွင် တရားစီရင်ရေးသဘောဆောင်သည့် လုပ်ပိုင်ခွင့် (Quasi – Judicial Power) နှင့် ချင့်ချိန်ဆောင်ရွက်ပိုင်ခွင့် (Discretionary Power) များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်အရ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်သည်မှာ မှန်သော်လည်း ၎င်းဆင်ခြင်တုံတရားသည် ဥပဒေ၏ခွင့်ပြုချက်ဘောင်အတွင်းမှဖြစ်ရန်လည်း လိုအပ်ပါသည်။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၁ အရ ခုံအဖွဲ့ကို ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် "ဥပဒေနှင့်အညီ" ဟူသော အထူးပြုဖော်ပြချက်ကို ကျော်လွန်ဆောင်ရွက်၍ ရနိုင်မည် မဟုတ်ကြောင်း သတိပြုမိကြမည်ဟု ယုံကြည်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို ကြားနာစီရင်ဆုံးဖြတ်ရာတွင် အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (င) ပါ ခွင့်ပြုချက်နှင့်အညီ တရားမကျင့်ထုံးဥပဒေအပါအဝင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ရည်ညွှန်းသုံးစွဲ ဆောင်ရွက်ရပါသည်။

အယူခံမှုတွင် ချမှတ်သော ခုံအဖွဲ့၏ စီရင်ချက်၊ အမိန့်အပေါ် ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားကြရာတွင် လျှောက်ထားသူအချို့သည် အယူခံမှုမှ အကြောင်းပြချက်များကိုပင် ထပ်မံတင်ပြ၍ လည်းကောင်း၊ အယူခံမှုမှခုံအဖွဲ့၏ စီရင်ချက်အပေါ်တွင် ချေပတင်ပြခြင်းဖြင့်လည်းကောင်း၊ အယူခံမှုတွင် တောင်းဆိုခဲ့ခြင်းမရှိသော အချက်များကို ထပ်မံတောင်းဆိုခြင်းဖြင့်လည်းကောင်း၊ အယူခံမှုတွင် တင်ပြသင့်ပါလျက် တင်ပြမှုမရှိဘဲ တမင်ချန်လှပ်ခဲ့သော အကြောင်းအချက်များကို အချက်အလက်အသစ်များအဖြစ်လည်းကောင်း၊ အယူခံမှုတွင် တင်ပြခဲ့သည့်နည်းလမ်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ အခြားနည်းလမ်းတစ်ရပ်အဖြစ် လည်းကောင်း တင်ပြလျှောက်ထားကြသည်ကို တွေ့ရှိရပါသည်။ အခွန်အယူခံခုံအဖွဲ့သည် လျှောက်ထားသူများ၏ တင်ပြလျှောက်ထားချက်များအပေါ် အလေးထား၍ လက်ခံဆောင်ရွက်ပေးလိုသော်လည်း လျှောက်ထားသူနှင့် လျှောက်ထားခံရသူ နှစ်ဦးနှစ်ဖက် မျှတသော အခွင့်အရေးရရှိစေရန်နှင့် ပြဋ္ဌာန်းဥပဒေများနှင့်အညီ မှန်ကန်သော ဆောင်ရွက်ချက်ဖြစ်စေရန် အထူးသတိပြု ဆောင်ရွက်ရပါသည်။ သို့ဖြစ်၍ ပြန်လည်သုံးသပ်မှု လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် အခွန်အယူခံခုံအဖွဲ့၏ ၂၆-၉-၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၂၀၂၃ ဖြင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခဲ့ရပါသည်။

**ပွင့်လင်းမြင်သာစွာ ကြိုတင်အသိပေး**

ယင်းကဲ့သို့ ညွှန်ကြားချက်များ ထုတ်ပြန်ရခြင်းအခြားအကြောင်းတစ်ရပ်မှာ ဥပဒေ၏ ကန့်သတ်ပြဋ္ဌာန်းချက်များအရ အခွန်အယူခံခုံအဖွဲ့က လက်ခံဆောင်ရွက်ပေးနိုင်မည် မဟုတ်သော လျှောက်ထားချက်များအတွက် လျှောက်ထားသူ နိုင်ငံသားနှင့် အခွန်ထမ်းများအနေဖြင့် မလိုအပ်ဘဲ စရိတ်စကငွေကြေးကုန်ကျမှုများ၊ အချိန်ကာလဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ပွင့်လင်းမြင်သာစွာ ကြိုတင်အသိပေးရခြင်း ဖြစ်ပါသည်။

ခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားလာသော လွှဲအပ်မှုများနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ ဖြေရှင်းရန်ကိစ္စပေါ်ပေါက်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်၍ အဆုံးအဖြတ်ခံယူနိုင်ရန် တင်ပြသည့်အမှုများတွင် ဥပဒေရေးရာပြဿနာ အမှန်တကယ်ပေါ်ပေါက်ရန် လိုအပ်ပါသည်။ ထိုသို့ ဥပဒေကြောင်းအရ ဖြေရှင်းရန် လိုအပ်သော တွေ့ရှိချက်များကို လွှဲအပ်မှုလျှောက်ထားသည့် ပုံစံ အခယ-၃ ဖြင့် ပြည့်စုံစွာတင်ပြရန် ဖြစ်ပါသည်။ ယင်းတင်ပြချက်ကို ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီး အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ တို့အရ ဆက်လက်ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့သည့် လွှဲအပ်မှုအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်အခါ ၎င်းဆုံးဖြတ်ချက်နှင့်အညီ ခုံအဖွဲ့က အမှုကို ပြီးပြတ်အောင် ဆောင်ရွက်ရပါသည်။

အခွန်အယူခံခုံအဖွဲ့သည် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားလာသော အမှုများကို ဥပဒေနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် ကြားနာစီရင်ဆောင်ရွက်ရာတွင် အခွန်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါက ယင်းအချက်ကို ဖော်ပြလျက် လျှောက်ထားသူ နိုင်ငံသားနှင့် အခွန်ထမ်းများအား ညွှန်ပြအသိပေးခြင်းဖြင့် ဥပဒေနှင့်ညီညွတ်သော အခွန်စီမံခန့်ခွဲမှုကို ပေါ်လွင်ထင်ရှားစေပါသည်။ ကြားနာစိစစ်ချက်များအရ နိုင်ငံသား/အခွန်ထမ်းများ၏ နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာပေါ်ပေါက်ကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ဆောင်ရွက်နိုင်ရန် တည့်မတ်ပေးခြင်းဖြင့် မျှတမှု အခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများ၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ဇယား(၁)ပါ အခွန်အကောက်အားလုံးနှင့် အကောက်ခွန်စသည့် အခွန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ချမှတ်သည့် အခွန်ဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်/အမိန့်တစ်ခုခုအပေါ် မကျေနပ်လျှင် အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်ပြလျှောက်ထားနိုင်သော်လည်း အခွန်အယူခံခုံအဖွဲ့၏ သုံးနှစ်ကျော်သက်တမ်းကာလအတွင်း ပြည်တွင်းအခွန်များ ဦးစီးဌာနက စည်းကြပ်ကောက်ခံသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် အကောက်ခွန်ဦးစီးဌာနက ချမှတ်သော အကောက်ခွန်ဆိုင်ရာ အမိန့်များ၊ အရေးယူဆောင်ရွက်မှုများအပေါ်တွင် တင်ပြလျှောက်ထားသောအမှုများကိုသာ လက်ခံကြားနာစစ်ဆေး ဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိရပါသည်။

**အမှုစုစုပေါင်းအရေအတွက်**

သို့ဖြစ်ပါ၍ သက်တမ်းသုံးနှစ်ကျော် ကာလအတွင်း အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားကြသော အမှုစုစုပေါင်းအရေအတွက်မှာ အယူခံမှု ၁၁၅ မှု၊ ပြင်ဆင်မှုတစ်မှု၊ ပြန်လည်သုံးသပ်မှု ၄၃ မှုနှင့် လွှဲအပ်မှု ၁၃ မှုတို့ကို ကြားနာဆုံးဖြတ်ခဲ့ပါသည်။ ဘဏ္ဍာနှစ်အလိုက် အခွန်အယူခံခုံအဖွဲ့သို့ တင်ပြလျှောက်ထားသော အမှုများမှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် (၂၂-၆-၂၀၂၀ မှ ၃၀-၉-၂၀၂၀ အထိ) တွင် အကောက်ခွန်အယူခံမှု ခုနစ်မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု သုံးမှု၊ စုစုပေါင်း ၁၀ မှု၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အကောက်ခွန်အယူခံမှု ၃၄ မှု၊ အကောက်ခွန်ပြင်ဆင်မှု တစ်မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု လေးမှု၊ စုစုပေါင်း ၃၉ မှု၊ ဝင်ငွေခွန်အယူခံမှု သုံးမှု၊ ကုန်သွယ်လုပ်ငန်းခွန်အယူခံမှု တစ်မှု၊ ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အကောက်ခွန်အယူခံမှု ၁၄ မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု ၁၉ မှု၊ အကောက်ခွန်လွှဲအပ်မှု နှစ်မှု၊ စုစုပေါင်း ၃၅ မှု၊ ဝင်ငွေခွန်အယူခံမှု တစ်မှု၊ အထူးကုန်စည်ခွန်အယူခံမှု တစ်မှု၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောက်ခွန်အယူခံမှု ၃၃ မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု ၁၇ မှု၊ အကောက်ခွန်လွှဲအပ်မှု ခြောက်မှု၊ စုစုပေါင်း ၅၆ မှု၊ ဝင်ငွေခွန်အယူခံမှု ၁၅ မှု၊ ဝင်ငွေခွန် လွှဲအပ်မှု ငါးမှု၊ စုစုပေါင်း အမှု၂၀၊ ကုန်သွယ်လုပ်ငန်းခွန်အယူခံမှု ခြောက်မှု တို့ ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ် (၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (ခြောက်လအတွက်))၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်များအတွင်း ဆောင်ရွက်ခဲ့သည့် အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့် ပတ်သက်သည့် အစီရင်ခံစာကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နိုင်ငံသားနှင့် အခွန်ထမ်းများက လိုလားတောင့်တသည့် "တရားမျှတမှု၊ ခုခံချေပနိုင်မှုနှင့် အခွန်အယူခံနိုင်မှု" အခွင့်အရေးများကို ဖြည့်ဆည်းရာတွင် "ယုံကြည်မျှတမှန်ကန် အခွန်အယူခံ"ဟူသော ဆောင်ပုဒ်နှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အခွန်အယူခံခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ၂၀၂၃ အား ရေးဆွဲချမှတ်ခဲ့ပါသည်။

မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ၂၀၂၃ ၏ မျှော်မှန်းချက် (Vision) မှာ ပွင့်လင်းမြင်သာပြီး မျှတမှန်ကန်သည့် အခွန်အယူခံစနစ်ဖြင့် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်အားထားမှုကို မြှင့်တင်ရန် ဖြစ်ပါသည်။

ခုံအဖွဲ့၏ သက်တမ်း နှစ်နှစ်တာကာလအတွင်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ ပထမအကြိမ် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်ရဦးမည့် လုပ်ငန်းစဉ်များနှင့် အကောင်အထည်မဖော်နိုင်သေးသော လုပ်ငန်းစဉ်များကို စိစစ်ဖော်ထုတ်လျက် မဟာဗျူဟာစီမံကိန်း ၂၀၂၃ ကို ဒုတိယအကြိမ် ထပ်မံရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။

**နိုင်ငံတကာစံနှုန်းများနှင့်အညီ ခေတ်မီတိုးတက်ရေး**

အခွန်အယူခံခုံအဖွဲ့၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာ လုပ်ငန်းနယ်ပယ်လေးရပ်အဖြစ် အခွန်စီမံခန့်ခွဲမှုစနစ်အပေါ် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်မှုတိုးတက်လာစေရေး၊ အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းသောအမှုများအား ကြားနာဆုံးဖြတ်ရာတွင် မှန်ကန်မျှတစေရေး၊ အခွန်အယူခံခုံအဖွဲ့နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် နိုင်ငံတကာနှင့် ဒေသတွင်းအခွန်အယူခံခုံအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ အခွန်အယူခံခုံအဖွဲ့အား နိုင်ငံတကာစံနှုန်းများနှင့်အညီ ခေတ်မီတိုးတက်အောင်ဆောင်ရွက်ရေး စသည်ဖြင့် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာနှင့် ဒေသတွင်းအခွန်အယူခံဆိုင်ရာ လုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်ခြင်းမှ ရရှိလာမည့် အသိပညာဗဟုသုတအပေါ် အခြေခံ၍ နိုင်ငံတော်၏ အခွန်အကောက်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်ရေးအတွက် အခွန်အယူခံခုံအဖွဲ့အနေဖြင့် မဟာဗျူဟာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရည်မှန်းဖော်ပြထားခြင်းဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားလာသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုတို့နှင့် စပ်လျဉ်းသည့် လျှောက်ထားချက်များကို လက်ခံရရှိသည့် အချိန်မှစ၍ စီရင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် အမှုတွဲများကို အမှုမှတ်တမ်းခန်း၌ ထိန်းသိမ်းထားရှိသည့်အချိန်အထိ ရုံးလုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရုံးလုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက် Standard Operating Procedures (SOP) ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

အနာဂတ်တွင် အခွန်အယူခံခုံအဖွဲ့ရုံး၌ တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် လူငယ်၊ လူရွယ်ဝန်ထမ်းများအနေဖြင့် ဤရုံးလုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက် လုပ်ငန်းစဉ်များကို သိရှိခြင်းဖြင့် လုပ်ငန်းများကို ပိုမိုလျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊ စံချိန်စံနှုန်းမီလုပ်ငန်းစဉ်များအဖြစ် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခြင်း၊ ဖြစ်စဉ်တစ်ခုချင်းစီတိုင်းအတွက် ဝန်ထမ်းများ၏ အရည်အသွေးပိုင်းနှင့် ကျွမ်းကျင်မှုပိုင်းကို ထင်ရှားစွာ ရှာဖွေတွေ့ရှိနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်နှင့် အများပြည်သူ၊ အခွန်ထမ်းများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီး နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်မှုကို ပိုမိုရရှိစေမည်ဟု ယုံကြည်ပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံး၏ ၂၉-၁၀- ၂၀၂၃ ရက်တွင် ကျရောက်သည့် နှစ်ပတ်လည်အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အခွန်အယူခံခုံအဖွဲ့၏ သုံးနှစ်ကျော်ကာလအတွင်း ဆောင်ရွက်ချက်များ၊ ရှေ့ကာလများတွင် ဆက်လက်ကြိုးပမ်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အများပြည်သူသိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။ အခွန်အယူခံခုံအဖွဲ့ရုံး၏ သက်တမ်းရာကျော် ရှည်သည့်တိုင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ...။ ။

**ရည်ညွှန်းကိုးကား**


- အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ
- အခွန်အယူခံခုံအဖွဲ့၏ ညွှန်ကြားချက်များ
- ဦးမြ၊ တရားမကျင့်ထုံးဥပဒေ
- ၂၀၀၄ ခုနှစ်၊ မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေး သတင်းဖော်ပြချက်
- အခွန်အယူခံခုံအဖွဲ့၏ ဘဏ္ဍာနှစ်အလိုက် အခွန်အယူခံဆိုင်ရာ ကြားနာမှုအစီရင်ခံစာ
- အခွန်အယူခံခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ (၂၀၂၃ ခုနှစ်)

# ဓာတ်ပုံရိုက်ခြင်း၊ ရှုခင်းကြည့်ခြင်းတွေ ပြုလုပ်နိုင်မယ့် ကလောမြို့ မနောလှတောင်ခြေက ပန်းပျိုးဥယျာဉ်



ယဉ်လာဒ်

**ထင်းရှူးရနံ့တွေ ထုံမွှမ်းပြီး အေးမြတဲ့ တောင်ပေါ်ခရီးသွားမြို့တော်ဖြစ်တဲ့ ကလောမြို့လေးမှာ သဘာဝတောတောင် ဓာတ်ပုံရှုခင်း ကြည့်ကွက်များပါဝင်တဲ့ Sightseeing နေရာ အသစ်အသစ်တွေကို လုပ်ငန်းရှင်တွေက ဖော်ထုတ်ဆွဲဆောင်လာနေကြတာမို့ ကလောမြို့လေးကို လာရောက်လည်ပတ်ကြတဲ့ ပြည်တွင်းခရီးသွားဧည့်သည်ဦးရေဟာ ဆက်လက်များပြားနေဆဲပါ။**

ထင်းရှူးတောင်တန်းများစွာ တည်ရှိနေတာဟာ ကလောမြို့ရဲ့ အထင်ကရ အမှတ်အသားတစ်ခုဖြစ်ပြီး တစ်နှစ်ပတ်လုံး အအေးဓာတ် ထုံလွှမ်းနေခြင်းကလည်း ကလောမြို့လေးကို ခရီးသွားဧည့်သည်တွေ သွားရောက်လည်ပတ်နေကြတဲ့ အကြောင်းပြချက်တစ်ခု ဖြစ်ပါတယ်။ သဘာဝကို အမှီပြုပြီး ဓာတ်ပုံရှုခင်း ကြည့်ကွက်နေရာတွေကိုလည်း ကလောမြို့မှာ ဖန်တီးလာကြတာကြောင့် အခုဆိုရင် ကလောမြို့မှာ နေထွက်ချိန်နဲ့ နေဝင်ချိန်ကို ကြည့်လို့ရတဲ့ ဓာတ်ပုံရှုခင်း အသားပေးနေရာ ၂၀ နီးပါးလောက်အထိ ရှိလာပြီဖြစ်ပါတယ်။

## ရှုခင်းကြည့်နေရာအသစ်တစ်ခု

ဒီအထဲကမှ ကလောမြို့ရဲ့ လူသိများလှတဲ့ မနောလှတောင်ခြေမှာ အဖေ့ခြံ ကော်ဖီနှင့် ပန်းပျိုးဥယျာဉ်လို့ အမည်ပေးထားတဲ့ ရှုခင်းကြည့်နေရာ(Sightseeing) အသစ်တစ်ခု ပေါ်ထွက်လာခဲ့ပါပြီ။ လက်ရှိမှာတော့ ဓာတ်ပုံအသားပေး ရှုခင်းကြည့်နေရာတစ်ခုအနေနဲ့ ရည်ရွယ်ထားပြီး နောက်ပိုင်းကာလတွေမှာတော့ Camping Site မျိုး ဖွင့်သွားနိုင်အောင်အထိ ရည်ရွယ်ထားတယ်လို့ အဖေ့ခြံ ကော်ဖီနှင့် ပန်းပျိုးဥယျာဉ်ခြံကို တည်ထောင်သူ ကိုအောင်လှိုင်ထူးက စာရေးသူကို ပြောပြပါတယ်။

အဖေ့ခြံ ကော်ဖီနှင့် ပန်းပျိုးဥယျာဉ်ကို သစ်တောမြေ ဧက ၃၀ ပေါ်မှာ ဖော်ဆောင်ထားပြီး ကော်ဖီစိုက်ခင်း အပါအဝင် စားသောက်ဆိုင်ပါ တွဲဖက်ထည့်ထားပါတယ်။ ပြည်တွင်းပြည်ပက ပန်းမျိုးစိတ်ပေါင်း ၁၀၀ ကျော်ကို တစ်နေရာတည်းမှာ စိုက်ပျိုးထားရှိထားပါတယ်လို့ ကိုအောင်လှိုင်ထူးက ဆက်ပြောပါတယ်။

## သွားလာရေး အချက်အချာကျ

ကလောဒေသခံ ကိုတင်စိုးအောင်ကတော့ "ကလောမှာဆိုရင် မနောလှတောင်က နာမည်ကြီးပြီးသား။ မသိတဲ့သူ မရှိသလောက်ပါပဲ။ ဒီနေရာလေးက သွားလာရတာ အချက်အချာလည်းကျတယ်။ အိုးစည်တောင် အနောက်ဘက်လမ်းကနေလာရင် အဖေ့ခြံကို ရောက်တယ်။ အိုးစည်တောင်ပေါ်ကနေလည်း ကြည့်လို့ရတယ်။ အားသာချက်က ကလောမြို့မှာ စတော်ဘယ်ရီခြံ မရှိဘူး။ ဒီထဲမှာ စတော်ဘယ်ရီစိုက်ခင်း အများကြီးရှိတယ်။ ပြီးတော့ အသီးအနှံအကုန်လုံးက အော်ဂဲနစ်တွေ။ ဆောင်းတွင်းနဲ့ နွေရာသီဆို အဖေ့ခြံက ပိုပြီးလှတယ်။ ကားကြီးရော၊ ကားအသေးရော လာလို့ရတာမို့ အားသာချက်တွေများတယ်"လို့ ပြောပြပါတယ်။

## ကော်ဖီပင် ၃၀၀၀ ကျော် စိုက်ပျိုးထား

လက်ရှိမှာတော့ ပန်းပျိုးဥယျာဉ်ကို နှစ်ကေပဲ စိုက်ပျိုးထားပြီး ပန်းမျိုးစုံကို တစ်နေရာတည်းမှာ ဝယ်ယူလို့ရအောင် စိုက်ပျိုးထားသလို ကော်ဖီပင်ပေါင်း ၃၀၀၀ ကျော်လည်း စိုက်ပျိုးထားပါသေးတယ်။ ပြည်တွင်းပြည်ပမျိုးစိတ် ပန်းတွေသာမက မျိုးရိုးဗီဇပြုပြင်ထားတဲ့ ပန်းပင်တွေကိုလည်း စိုက်ပျိုးထားပါတယ်။ နှစ်လတစ်ကြိမ် အရောင်ပြောင်းတဲ့ ခြောက်လခံပန်းတွေကိုလည်း စိုက်ပျိုးထားပြီး အခုလို ပန်းဥယျာဉ်ဖြစ်ဖို့ အချိန် နှစ်နှစ်ကျော် ကြိုးစားခဲ့ရတယ်လို့ ဆိုပါတယ်။

"သီတင်းကျွတ် လပြည့်နေ့မှာ ကျွန်တော်တို့ခြံကို ဖွင့်လှစ်သွားမှာပါ။ ကျွန်တော်တို့ခြံကို လာရောက်လည်ပတ်ပြီး ပန်းခင်းတွေနဲ့ ဓာတ်ပုံအလှရိုက်ကူးတာတွေ လုပ်နိုင်သလို အနားယူ အပန်းဖြေ စားသောက်လို့ရတဲ့ စားသောက်ဆိုင်ကိုလည်း ထည့်သွင်းထားပါတယ်"လို့ ကိုအောင်လှိုင်ထူးက ပြောပါတယ်။

အဖေ့ခြံ ကော်ဖီနှင့် ပန်းပျိုးဥယျာဉ်ကို ဝင်ကြေးအနေနဲ့ လူတစ်ဦးကို ကျပ် ၁၀၀၀ ကောက်ခံမှာဖြစ်ပြီး အခု သီတင်းကျွတ်လပြည့်နေ့ကစလို့ ကလောမြို့ရဲ့ နားနားနေနေ နေနိုင်ပြီး အပန်းဖြေလို့ရတဲ့ Sightseeing နေရာသစ်တစ်ခုအဖြစ် ပေါ်ထွက်လာပြီ ဖြစ်ပါတယ်။




## ကလောမြို့ရဲ့ အထင်ကရနေရာများ

ကလောမြို့မှာ တောတောင်သဘာဝရှုခင်းတွေနဲ့ အမှတ်တရ ဓာတ်ပုံလှလှ ရိုက်ကူးလို့ကောင်းတဲ့ နေရာတွေအဖြစ် ရှန်ဘာလာ ကလော ရေယောင်းမ၊ သီရိစန္ဒာ အပန်းဖြေစခန်း၊ City View၊ မနောလှ၊ သိမ်တောင်၊ Hill top Villa ၊ ကလောဗျူးပွိုင့်၊ Kalaw Cafeyard၊ အိုးစည်တောင်၊ ဗျိုက်တောင်၊ ပင်းတယ-ရှွာင်အသွားလမ်း၊ မြင်းမူကုန်း စတဲ့နေရာတွေ ရှိကြပြီး ကလောမြို့ကို ရောက်ဖူးတဲ့ ခရီးသွားဧည့်သည်တိုင်း တခုတ်တရ သွားရောက်လည်ပတ်ကြတဲ့ အထင်ကရနေရာတွေ ဖြစ်ပါတယ်။

အာဆီယံဒေသတွင်း အသန့်ရှင်းဆုံး ခရီးသွားမြို့ဆုကို ၂၀၁၈ ခုနှစ်က ရရှိထားပြီး ခရီးသွားမြို့တော်လည်းဖြစ်တဲ့ ကလောမြို့လေးဟာ ပြည်တွင်းခရီးသွားဧည့်သည်တွေကို ယနေ့အချိန်အထိ ဆွဲဆောင်ထားနိုင်ဆဲဖြစ်တာမို့ ကလောမြို့ကို ရောက်ဖြစ်ခဲ့ရင် ကလောမြို့ရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ မနောလှတောင်ခြေက ဓာတ်ပုံအသားပေးရှုခင်းကြည့် နေရာသစ်တစ်ခုဖြစ်တဲ့ အဖေ့ခြံ ကော်ဖီနှင့် ပန်းပျိုးဥယျာဉ်ကို သွားရောက်လည်ပတ်နိုင်ဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အဖြစ် ရေးသားမျှဝေ ဖော်ပြလိုက်ပါတယ်။ ။





မနောလှတောင်ခြေတွင် အသစ်ဖွင့်လှစ်ထားသည့် အဖေ့ခြံ ကော်ဖီနှင့် ပန်းပျိုးဥယျာဉ်အတွင်းမှ ရှုခင်းကြည့်ရန်နှင့် အလှဓာတ်ပုံရိုက်ရန်နေရာများ။ ဓာတ်ပုံ – တင်စိုးအောင်(ကလော)




# (၁၃)ကြိမ်မြောက် ဝါတွင်းအရဏ်ဆွမ်းအလှူတော်အောင်ပွဲ သီလရှင်ဆရာကြီး ဆရာလေး အပါး ၃၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် (၁၃)ကြိမ်မြောက် ဝါတွင်းအရဏ်ဆွမ်းအလှူတော်အဖြစ် စာသင်တိုက်ကြီးများအပါအဝင် ကျောင်းပေါင်း ၄၀ ကျော်မှ သံဃာတော်အရှင်သူမြတ်များနှင့် သာမဏေအပါး ၁၇၃၈၀ ကျော်ကို ဝါတွင်းအင်္ဂါနေ့တိုင်း အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ခဲ့သည့် ဝါတွင်းဆွမ်းအောင်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ဗိုလ်ဗထူးလမ်း၌ ကျင်းပသည်။

အဆိုပါအရဏ်ဆွမ်းအလှူတော်အောင်ပွဲအဖြစ် ကြိုတင်ပင့်လျှောက်ထားသော သီလရှင်စာသင်တိုက် ၁၂ ကျောင်းမှ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး ဆရာလေး အပါး ၃၀၀ နှင့် အကြောင်းတိုက်ဆိုင်စွာ အလှူခံရောက်ရှိလာသော သီလရှင်အပါး၂၀ခန့်ကို လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လောင်းလှူခဲ့ကြသည်။ ယင်းပုညသင်္ဂဟဆွမ်းတော်ချက်အဖွဲ့သည် ဝါတွင်းအရဏ်ဆွမ်းအလှူတော်အဖြစ် ကျပ်သိန်းပေါင်း ၃၂၀ ကျော် လှူဒါန်းချက်ပြုတ် ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**



# သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းမှ စုဆောင်းငွေအတိုးနှင့် ဌာနဆိုင်ရာများသို့ ထိုင်ခုံများလှူဒါန်း

**သီပေါ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စုဆောင်းငွေပေါ်အတိုးနှင့် အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများသို့ ပလတ်စတစ်ထိုင်ခုံများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှူး ဒေါ်ရတနာဝင်းက သမဝါယမအသင်း၏ ဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးတင်မောင်မောင်က အသင်းဝန်ထမ်း ၂၀၀၃ ဦး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယ ခြောက်လပတ် စုဆောင်းငွေပေါ်အတိုး ငွေကျပ်သိန်း ၅၅၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံသို့လည်းကောင်း၊ ပညာရေးဌာနအတွက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မိုးထံသို့လည်းကောင်း၊ ငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ ပလတ်စတစ်ထိုင်ခုံ ၁၇၅ လုံးကို အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ခိုင်က ဌာနဆိုင်ရာများသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)**

သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းအနေဖြင့် အသင်းသား ၂၀၀၃ ဦး၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးသဖြင့် ဝန်ထမ်းများအားထားရာ အထောက်အကူပြုသည့်အသင်းကြီးဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၁၀ - ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၇၇ | ၆၇၇၆၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၁၀၁၉၄ | ၃၀၀၇၂၃၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၆၇ | ၂၀၀၂၇၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၈၄၀ | ၃၀၃၆၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ | ၄၇၇၀၀၅၀ |
| EFR | ၂၁၅၀ | ၂၁၀၀ | ၂၂၆၈ | ၂၇၃၄၆ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၉၂ | ၄၅၀၆၀၀ |
| MAEPC | ၁၈၀၀ | ၁၇၅၀ | ၃၁ | ၁၅၇ |

ညီညီ - စုစည်းသည်

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး



**မန္တလေး အောက်တိုဘာ ၂၈**

အနော်ရထာမင်းလက်ထက်မှစတင်၍ ရိုးရာမပျက် ကျင်းပလာသည့် နှစ်ပေါင်း ၉၀၀ ကျော် ရှိပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဆင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဆင်အဖွဲ့များက အောင်စေပိုင်စေ သီချင်းဖြင့်သီဆိုကပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့က ဧည့်ခံဆင်အဖွဲ့က ဆင်အကအလှစွမ်းရည်ပြဖျော်ဖြေမှုနှင့် ဆင်အဖွဲ့များက မြန်မာပြည်သားသီချင်းဖြင့် သီဆိုမှုများကို ကြည့်ရှုအားပေးနှုတ်ဆက်ခဲ့ကြသည်။

ကျောက်ဆည်မြို့ဆင်ပွဲတော်သည် သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင် အနော်ရထာမင်းသည် သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ကျောက်ဆည်မြို့ ကိုးခရိုင်နယ်မြေတွင် ဆည်မြောင်း ကန်ချောင်းတို့ကို တည်ဆောက်ဆည်ဖို့တော်မူခဲ့ကြောင်း၊ အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင် ခတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက် စွယ်တော်ပွားကို အရှင်အရဟံ၏သြဝါဒဖြင့် ဆင်မယဉ်သာ (ဆင်ဖြူတော်) ပေါ်သို့တင်၍ အဓိဋ္ဌာန်ပြု စေလွှတ်တော်မူခဲ့ရာ အရှေ့မျက်နှာအရပ် မြင်စိုင်းနယ် ကျောက်ဆည်တည်ရာ သာလျောင်းတောင်ထိပ်သို့ တက်ကြောင်း၊ တောင်ထိပ်တွင် ခေတ္တလဲလျောင်းပြီးနောက် ချက်ချင်းဆင်းသွားကာ သံရွာနယ်တောင်တော် တောင်ထက်တက်၍ ခေတ္တရပ်ပြီး ထိုမှ ခရွေတောင်သို့တက်၍ ဝပ်လေကြောင်း၊ သက္ကရာဇ် ၃၉၅ ခုနှစ်တွင် သာလျောင်းတောင်ထိပ်နှင့်ခရွေတောင်ထိပ်တို့တွင် တစ်ပြိုင်တည်းစေတီတစ်ဆူစီကို တည်တော်မူပြီး သာလျောင်းတောင်ထိပ် တည်သော စေတီကို ရွှေသာလျောင်းစေတီဟု အမည်တွင်ခဲ့ကြောင်း၊ အနော်ရထာမင်းကြီးသည် ရွှေသာလျောင်းစေတီတွင် သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကပ်လှူပွဲနှင့် တပေါင်းလ၌ ပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့ကြောင်း၊ စွယ်တော်တင်သော ဆင်မယဉ်သာ (ဆင်ဖြူတော်)ကိုလည်း ငါကွဲသို့ပင် အမှတ်တရဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော် အမြဲပေးဝေကြရန် အမိန့်ဩဇာန် ထားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့်အတူ ဆင်လှူပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း၊ အနော်ရထာမင်းကြီးလက်ထက်မှစ၍ ယနေ့တိုင်အောင် နှစ်ပေါင်း ၉၀၀ ကျော် နှစ်စဉ်ရိုးရာမပျက် ကျင်းပခဲ့ကြောင်း၊ ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို နှစ်စဉ်ရိုးရာအစဉ်အလာမပျက်ရိုးရာပွဲတော်အဖြစ် သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆင်အကအလှပြိုင်ပွဲကျင်းပပြီး လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ရွှေဆင်၊ ငွေဆင် လှူဒါန်းပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို ယနေ့ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။



ယနေ့ ပြပွဲတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အုပ်စု (C) မှ ကျောက်စိမ်း အသားကျောက်အတွဲ ၇၉၂ တွဲကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာ ကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်း အတွဲပေါင်း ၇၇၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပုလဲအတွဲ ၃၀၀ တွင် ပုလဲအတွဲ ၃၀၀ နှင့် ကျောက်မျက်အတွဲ ၁၆၀ အနက်မှ ကျောက်မျက်အတွဲ ၇၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဈေးနှုန်းပိုမိုစွာဖြင့် ရောင်းချနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် အုပ်စု( A) မှ ကျောက်စိမ်းအတွဲပေါင်း ၅၂၀ ၊ အုပ်စု (B)မှ ကျောက်စိမ်းအတွဲပေါင်း ၁၇၃၃တွဲနှင့် အုပ်စု(C)မှ ကျောက်စိမ်းအတွဲပေါင်း ၁၇၉၂တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၇၀၄တွဲ ရောင်းချနိုင်ခဲ့သည်။

ယခု ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေရန်နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်းသိရသည်။


**သတင်းစဉ်**

# ဈေးကောင်းရရှိနေပြီး ဈေးကွက်ကောင်းနိုင်သည့် ထောပတ်သီး

**တောင်ကြီး အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်၌ ယခုနှစ် ထောပတ်သီးရာသီအစတွင် ထောပတ်သီး ဈေးကွက်မှာ ယခင် နှစ်ထက် ဈေးကောင်းရရှိနေပြီး ဈေးကွက်ကောင်းနိုင်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ထောပတ်သီးမှာ နှစ်ရှည်သီးနှံဖြစ်၍ စတင်စိုက်ပျိုးပြီး သုံးနှစ်အကြာတွင် အသီးများ စတင်သီးကြောင်း၊ ထောပတ်သီးကို ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ လက်ရှိဈေးကွက်အစတွင် ထောပတ်သီး တစ်ကီလိုလျှင် ကြမ်းခင်းဈေး ငွေကျပ် ၃၅၀၀ ရှိပြီး ယခင်နှစ်က တစ်ကီလိုလျှင် ငွေကျပ် ၂၅၀၀ သာ ရှိခဲ့သောကြောင့် ယခင်နှစ် ထောပတ်သီးရာသီ အစနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။



ထောပတ်သီးရာသီအစတွင် ကြမ်းခင်းဈေးအနေဖြင့် တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀ ရှိနေသည့်အတွက် နောက်ပိုင်းတွင် ကြမ်းခင်းဈေးထက် မနည်းနိုင်ကြောင်း၊ သီးနှံအရည်အသွေးကောင်းပါက တစ်ကီလိုလျှင် ငွေကျပ် ၆၀၀၀/၇၀၀၀ ဈေးနှုန်းအထိ ဖြစ်သွားနိုင်ကြောင်း၊ ထောပတ်သီး Hass မျိုးများမှာ အချို့ဒေသများတွင် စတင်ဆွတ်ခူးနေကြပြီး များသောအားဖြင့် မခူးဆွတ်နိုင်ကြသေးကြောင်း၊ ကမ်းလှမ်းချက် အတော်များများ ရှိနေသည့်အတွက် ဝယ်လိုအားများနိုင်သည်ဟု သုံးသပ်ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်ပနိုင်ငံဈေးကွက်သို့ တင်ပို့နိုင်မည့် Hass အမျိုးအစားမှာ ရင့်မှည့်ရန် လိုအပ်သေးသည့်အတွက် အောက်တိုဘာလကုန်မှသာလျှင် ဈေးကွက်သို့ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ် ထောပတ်သီးရာသီတွင် ထိုင်းနိုင်ငံမှ ကမ်းလှမ်းထားသည့်အတွက် ထိုင်းသို့ အဓိကတင်ပို့သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ထောပတ်သီးဈေးကွက် ရေရှည်ခိုင်မြဲရန်၊ ထောပတ်သီးများကို ပြည်ပဈေးကွက်အပြင် ပြည်တွင်းဈေးကွက်အတွင်းပါ ဈေးကွက်ရရှိရန်အတွက် ပြည်တွင်း၌ ဖြန့်ဖြူးခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများလည်း ဆောင်ရွက်နေကြောင်း သိရသည်။ **DOCA(ရှမ်း)**

# ကျောက်ဆည်ခရိုင်အတွင်းမြို့နယ်များ၌ မိုးမြေပဲများ ရိတ်သိမ်းလျက်ရှိ

**ကျောက်ဆည် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆီထွက်သီးနှံများကို အဓိကစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မိုးမြေပဲသီးနှံများကို ကျောက်ဆည်မြို့နယ်၌ ၃၀၈ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၃၁ ဧက၊ မြစ်သားမြို့နယ်၌ ၈၁၁ ဧက စုစုပေါင်းဧက ၁၁၅၀ စိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းမှုအနေဖြင့် မိုးမြေပဲကို ကျောက်ဆည်မြို့နယ်၌ ဧက ၂၄၀၊ စဉ့်ကိုင်မြို့နယ်၌ ၂၁ ဧက၊ မြစ်သားမြို့နယ်၌ ၁၅၃ ဧက စုစုပေါင်း ၄၁၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးမြေပဲကို မတ်လနှင့်ဧပြီလတွင် စတင်စိုက်ပျိုးပြီး တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ ထွန်ယက်ခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ်ငါးသိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧက ပျမ်းမျှ အထွက်နှုန်း တင်း ၄၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် လက်ရှိအချိန်တွင် မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀၊ မြေပဲဆန်တစ်တင်းလျှင် ငွေကျပ် ၅၇၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၇၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **DOCA(မန္တလေး)**



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ပိုင်ကျုံမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ဘားအံ အောက်တိုဘာ ၂၈**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်(တံတားကျိုး) လမ်းအား လမ်းအထူးအဖွဲ့-၂၂ မှ မူလ ၁၂ ပေ အကျယ်လမ်းကို ၁၈ ပေအကျယ်ချဲ့ ကတ္တရာခင်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ညိုနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ထန်းတပင်လမ်းဆုံ-ပိုင်ကျုံမြို့ အမှတ်(၅)ရပ်ကွက်လမ်း ၄ ဒသမ ၀၂၃ ကီလိုမီတာကို ကတ္တရာလမ်းချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းသည့်အပိုင်း ၁ ဒသမ ၆၀၉ ကီလိုမီတာကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး စောကျော်ဝင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းများတွင် ရေမြောင်းများထည့်သွင်းဆောင်ရွက်ပေးရန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စခန်းသွင်းလေ့ကျင့်နေသော ပိုင်ကျုံမြို့ ယဉ်ကျေးမှုလူငယ်မောင်မယ်ဒုံးအဖွဲ့၏ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ သီဆိုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးပြီး ဂုဏ်ပြုထောက်ပံ့ငွေကျပ် သုံးသိန်းကို ပေးအပ်ချီးမြှင့်ကာ အားပေးစကားများ ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထက်ပိုင်ကျုံဘုန်းတော်ကြီးကျောင်းအနီး ပိုင်ကျုံချောင်း ကမ်းပြိုမှုအခြေအနေ၊ အထက်ပိုင်ကျုံကျောင်းသစ်အနီး ကမ်းပြိုကျမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း မြေထိန်းနံရံများတည်ဆောက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပိုင်ကျုံမြို့စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အထက်ပိုင်ကျုံလမ်း ၁၈ ပေ အကျယ် ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ပေ ၆၅၀၀ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင် ရေမြောင်းများ ထည့်သွင်းဆောင်ရွက်ရန်၊ လမ်းပခုံးများစနစ်တကျဖြစ်စေရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပိုင်ကျုံမြို့ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေးရုံတက်ရောက်နေသူများအား တစ်ဦးချင်းရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် သက်သာပျောက်ကင်းမှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ကာ ဆေးရုံအုပ်ကြီးထံ အထွေထွေအသုံးစရိတ်ငွေကျပ် သုံးသိန်းနှင့် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပိုင်ကျုံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအား အားပေးစကားများ ပြောကြားကာ ဝန်ထမ်းများအတွက် အထွေထွေအသုံးစရိတ် ငွေကျပ် သုံးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးစဉ်။

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၈**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့် ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၉ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံဝင်းအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ပွားမှု မရှိစေရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ချောင်းဆုံ အောက်တိုဘာ ၂၈**

